Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

e Bulletin

၃၁ ဇူလိုင်လ ၂၀၀၇ | သတင်းလွှာ | အမှတ် ၃၂/၂၀၀၇



ဆရာကြီးက ဘယ်တော့ကြည့်ကြည့်၊ ပြည်သူလူထု လူများစုကြီး၊ လူဆင်းရဲထုကြီး ဘက်ကနေကြည့်တယ် မဟုတ်လား။ သူဟာ ပညာတတ်တဦးဖြစ်ပေမယ့် ပညာတတ် ညည်ဆိုးမဝင်ဘဲ "ဒို့လူတွေ ဆင်းရဲလှတယ်" ဆိုပြီး အဲဒီလူတွေဘက်က ကြည့်လေတော့ ဆရာကြီးရဲ့ အမြင်က မှန်လို့ချည်းနေတာပေါ့။ ဆရာကြီးမှာ ပညာတတ် ညည်မရှိတော့ ပညာတတ်ယိမ်းယိုင် တွေဝေမှုမျိုးလဲ မရှိဘူးပေါ့။

သခင်ကိုယ်တော်မှိုင်းရဲ့ နိုင်ငံရေးရပ်တည်ချက် (လူထုဒေါ်အမာ) ဆောင်းပါးမှ ...

**အဲဒီအချိန်မှာမှ ဝါးတားတားလုပ်နေရင် အဲဒီပုဂ္ဂိုလ်၊ အဲဒီအဖွဲ့အစည်းဟာ အနာဂတ်ပျောက်သွား တတ်ပါတယ်။**

"အမှာစကား"

(စာမျက်နှာ ၂)

**ဒီ Charter အရဆိုရင် အာဆီယံအဖွဲ့ဝင်တွေ အကုန်လုံးက Charter မှာပါတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း လိုက်နာရတော့မယ်။**

"ဒေါ်ခင်ဉမ္မာကို ပွီအိုအေမှ ဆက်သွယ်မေးမြန်းချက်"

(စာမျက်နှာ ၇)

**ဗမာပြည်ရဲ့ နိုင်ငံရေးလောကမှာ ဘီလူးစည်း–လူစည်းလည်း ပိုကွဲလာနေတယ်။**

"ညောင်နှစ်ပင် ကျိန်စာ"

(စာမျက်နှာ ၈)

စစ်အာဏာရှင်စနစ် ဆက်လက်တည်ရှိနေသရွေ့ (၇)ရက် ဇူလိုင်လို လူသတ်ပွဲတွေ ဆက်ဖြစ်နေအုံးမယ်။

**"၄၅ နှစ်မြောက် ဇူလိုင် (၇)ရက် ..."**

(စာမျက်နှာ ၉)

**(တေအိုင်အို)က တင်ပြထားတဲ့ အချက်(၁၉)ကို လေ့လာကြည့်တဲ့အခါ အခြေခံအကျဆုံးအချက်တွေကို တင်ပြထားတာတွေ့ရပါတယ်။**

"ညောင်နှစ်ပင်ကို မျှော်လင့်စိတ်ကူးယဉ်လို့ မဖြစ်ပါ"

(စာမျက်နှာ ၁၀)

ဒီပြည်သူတွေရှိနေသမျှ
ဒီမွန်းကြပ်မှုတွေ၊ ဒီအနာဂတ်မဲ့မှုတွေနှင့် ဒီငတ်မွတ်ဆာလောင်မှုတွေ ရှိနေသမျှ
ဒီဖိနှိပ်မှုတွေ၊ ဒီရက်စက်မှုတွေ ရှိနေသမျှ
ဒီတိုက်ပွဲအငွေ့အသက်တွေကို ဘယ်သူတားထား၊ ဆီးထားလို့ရနိုင်မှာလဲ။

**"တားနိုင်မယ်ထင်ရင် တားကြည့်လိုက်ပါ"**

(စာမျက်နှာ ၁၂)

# အမှာစကား

နိုင်ငံရေးမှာ အရေးကြီးတဲ့အပြောင်းအလဲ အချိုးအကွေ့ကိုရောက်ရင် နိုင်ငံရေးသမားတွေ၊ ပါတီအဖွဲ့အစည်းတွေဟာ မိမိတို့ရဲ့ရပ်တည်ချက်၊ အမြင်သဘောထားတွေကို ဖော်ပြရစမြဲဖြစ်ပါတယ်၊ အဲဒီအချိန်မှာ ဘယ်သူမှ ညာဝါးလို့မရပါဘူး၊ အဲဒီအချိန်မှာမှ ဝါးတားတားလုပ်နေရင် အဲဒီပုဂ္ဂိုလ်၊ အဲဒီအဖွဲ့အစည်းဟာ အနာဂတ်ပျောက်သွားတတ်ပါတယ်။ သမိုင်းရဲ့ဒဏ်ခတ်ခြင်းကိုလည်း ခံရတတ်ပါတယ်။ နိုင်ငံရေးသမိုင်းဆိုတာ လွယ်လွယ်နဲ့ ဖျောက်လို့ရတဲ့အရာမဟုတ်ပါဘူး။ မျိုးဆက်တွေ တစ်ဆက်ပြီး တစ်ဆက် လက်ဆင့်ကမ်းရတဲ့ သမိုင်းဖြစ်ပါတယ်။ သမိုင်းကို အင်အားကြီးသူ အာဏာရှိတဲ့သူ၊ ခေါင်းဆောင်တဲ့သူ စတဲ့သူတွေက ရေးတယ်ဆိုတဲ့ အယူအဆနဲ့ ပြည်သူတွေက ရေးတယ်ဆိုတဲ့ အယူအဆဟာ ၂၁ ရာစုလို သတင်းနဲ့ နည်းပညာခေတ်ကြီးမှာ  အလင်းနဲ့ အမှောင်လို မှန်ဘီလူးနဲ့ ကြည့်စရာမလိုသလို ရှင်းလင်းလာပါပြီ။

ဒါပေမယ့် နအဖစစ်အုပ်စုလို ရက်စက်ကြမ်းကြုတ်တဲ့ စစ်အာဏာရှင်တွေကတော့ အာဏာနဲ့၊ လက်နက်နဲ့၊ ငွေနဲ့ အင်အားနဲ့ ဖိနှိပ်ချယ်လှယ်ရင် အရာရာကို ဖန်တီးလို့ရမယ်လို့ ရူးသွပ်မိုက်မဲစွာ ယုံကြည်နေကြဆဲရှိနေသေးတာကို တွေ့ရပါတယ်။ ဒါကိုပြန်ကြည့်ရင် လူမျိုးပေါင်းစုံပြည်သူလူထုကြီးရဲ့ အသက်၊ သွေး၊ ချွေးတွေ၊ ဘဝတွေနဲ့ ရေးခဲ့တဲ့ ...

ရှစ်လေးလုံးဒီမိုကရေစီ ပြည်သူ့အရေးတော်ပုံ
ပါတီစုံဒီမိုကရေစီစနစ်
၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် စတဲ့ဒီမိုကရေစီတော်လှန်ရေးရဲ့ ရလဒ်တွေကို သေးသိမ်အောင် ပျောက်ပျက်သွားအောင် နေ့စဉ်နဲ့ အမျှ အစွမ်းကုန်ကြိုးစားနေပါတယ်။

ကမ္ဘာကြီးတစ်ခုလုံးမှာကို ခေတ်မရှိတော့တဲ့ စစ်အာဏာရှင်စနစ်ဆက်လက်ရှင်သန်ရေးကို Road Map(7) ချက်ဆိုတဲ့ လမ်းပြမြေပုံကြီးကို ချပြီး တိုင်းပြည်ကို ပြိုပျက်နေတဲ့အဆင့်ကနေ ကျေမွသွားတဲ့အဆင့်ရောက်အောင် ချောက်ထဲတွန်းပို့နေပါတယ်။

ပြည်တွင်းပြည်ပနဲ့ နိုင်ငံတကာက တွေ့ဆုံဆွေးနွေးအဖြေရှာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ တောင်းဆိုတိုက်တွန်းမှုတွေကို လုံးဝလစ်လျူရှုပြီး ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများကို ဖိနှိပ်ချုပ်ချယ်ရေး၊ သွေးခွဲသပ်သျှိုရေး၊ အပြတ်တိုက်ချေမှုန်းရေး၊ ဒူးထောက်အညံ့ခံရေး အလုပ်တွေကိုပဲ လက်ကိုင်တုတ်ဖြစ်တဲ့ ပြည်သူအတုတွေ၊ စွမ်းအားရှင်၊ ကြံ့ဖွံ့ဆိုတာတွေ၊ လက်နက်ကိုင်တပ်နဲ့ ရဲတွေကိုသုံးပြီး နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ၊ ရှင်သန်ရပ်တည်ရေးအရ ရပ်တည်လို့မရအောင် ပြိုကွဲသွားအောင် ပြုလုပ်နေပါတယ်။

လမ်းပြမြေပုံရဲ့ ပထမအဆင့်ဖြစ်တဲ့ ညောင်နှစ်ပင်ညီလာခံကို တစ်လခွဲ၊ နှစ်လအတွင်းပြီးမယ်လို့ ပြောနေပါတယ်၊ ဒါပြီးရင် ၂၀၀၈ နှစ်ဆန်းပိုင်းလောက်မှာ လူထုဆန္ဒခံယူပွဲကျင်းပမယ်ဆိုတဲ့ အသံတွေကို ပစ်ပြီး နိုင်ငံရေးထိုးစစ်ကို နေရာပေါင်းစုံက ဆင်နွှဲနေပါတယ်။ အထူးသဖြင့် မီဒီယာကနေ လူထုတွေကြားမှာ၊ နိုင်ငံရေးအင်အားစုတွေကြားမှာ ရပ်တည်ချက်၊ အတွေးအခေါ်တွေ ရှုပ်ထွေးအောင် နည်းမျိုးစုံနဲ့ ကျင့်သုံးနေပါတယ်။ တဖက်ကလည်း စစ်အုပ်စုအတွင်းမှာ နေရာအထားအသိုတွေကို ပြောင်းလဲကစားနေသလို၊ တိုင်း၊ ခရိုင်အဆင့်ကနေ အောက်ခြေကျေးရွာတွေအထိပါ စစ်အုပ်စုအနွယ်အပွားတွေ၊ လက်ကိုင်တုတ်တွေကို အုပ်ချုပ်ရေးအာဏာ၊ လုပ်ပိုင်ခွင့်အာဏာတွေကို အပြည့်ပေးပြီး ဒီမိုကရေစီအင်အားစုတွေ၊ လူထုတွေကို လှုပ်မရအောင် နည်းမျိုးစုံနဲ့ ဖိနှိပ်ထားပြီး စစ်အုပ်စုအကျိုးစီးပွား ဆက်လက်ရှင်သန်ရေးအတွက် ပြင်ဆင်တည်ဆောက်မှုတွေကို အစွမ်းကုန်ပြုလုပ်နေပါတယ်။

ပထမအဆင့်ပြီးရင် ဒုတိယနဲ့ တတိယအဆင့်ဟာ အလွယ်တကူနဲ့ ဖြတ်သန်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအချိန်မှာ စစ်အုပ်စုရဲ့ လမ်းပြမြေပုံ(၇)ချက်မှာ အားနည်းဆုံးကွင်းဆက်ဖြစ်တဲ့ လူထုအလိုက်ပါနိုင်ဆုံးနေရာဖြစ်တဲ့ အဆင့်လေးနေရာအတွက် ပြင်ဆင်တည်မှုတွေကို ဒီမိုကရေစီအင်အားစုတွေဟာ စဉ်းစားတွက်ချက်ထားဖို့၊ ပြင်ဆင်ထားဖို့ လိုပါတယ်။ စစ်အုပ်စုကတော့ အစွမ်းကုန် ပြင်ဆင်နေပါတယ်။ ဒီမိုကရေစီအင်အားစုတွေ တိုင်းရင်းသားအင်အားစုတွေဟာ ဘာမှပြင်ဆင်မထားရင် (အထူးသဖြင့် အလံကိုင်ဖြစ်တဲ့ NLD က ပြင်ဆင်မထားရင်) စစ်အုပ်စုက သနားတယ်၊ တာ့တာဆိုပြီး လက်ပြနှုတ်ဆက်သွားပါလိမ့်မယ်။

အခုအချိန်မှာမှ လူထုကို ချပြမစည်းရုံးထားရင်၊ လူထုအားကို အရမယူထားနိုင်ရင်၊ တွေ့ဆုံဆွေးနွေးရေးကို ထိုင်တောင်းနေရင်၊ ဘာကန်ပိန်းညာကန်ပိန်းတွေလောက်နဲ့ ရှေ့မဆက်နိုင်ရင် စစ်အုပ်စုရဲ့ road map(7)ချက်ရဲ့ ဘယ်အဆင့်ကိုမှ ကျော်နိုင်မှာ မဟုတ်ပါဘူး။

ဘယ်ခေတ်၊ ဘယ်စနစ်၊ ဘယ်အုပ်စိုးသူမှ အာဏာကို လွယ်လွယ်နဲ့ တောင်းယူရုံနဲ့ ရခဲ့တယ်မရှိပါဘူး၊ တွေ့ဆုံဆွေးနွေးရေးကိုလည်း ဖိအားမပါပဲ၊ တိုက်ပွဲမပါပဲ ဘယ်တုန်းကမှလည်း မရခဲ့ပါဘူး။

ထို့အတူ ပြည်သူမပါပဲ ဘယ်သမိုင်းကိုမှလည်း ရေးလို့မရပါဘူး။

■ ■ ■ ■

# အက်ဖ်ဒီဘီ အဖွဲ့ဝင်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုသတင်းများ

## အတုအယောင်အမျိုးသားညီလာခံအပေါ် သတင်းစာရှင်းလင်းပွဲပြုလုပ်



လာမည့် ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြန်လည်စတင်မည့် နအဖမှ ကျင်းပနေသော အမျိုးသားညီလာခံနှင့် ပတ်သက်၍ ထိုင်း–မြန်မာ နယ်စပ်တနေရာတွင် ၂၀၀၇ ခုနှစ် ဇူလိုင် ၁၅ ရက်နေ့က သတင်းစာရှင်းလင်းပွဲတခု ကျင်းပခဲ့သည်။

သတင်းစာရှင်းလင်းပွဲသို့ နအဖ၏ ညီလာခံတွင် တက်ရောက်ခဲ့ဖူးသော အဲန်အယ်ဒီလွှတ်တော်ကိုယ်စားလှယ် ဦးခွန်မြင့်ထွန်း၊ ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မားကိုရ်ဘန်၊ ကရင်ပြည်နယ်တိုင်းရင်းသားအစုအဖွဲ့ ကိုယ်စားလှယ် ဦးစောအယ်ဒီထွေး၊ မကြာမီက နယ်စပ်သို့ ရောက်ရှိလာသော ရှမ်းပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ဥက္ကဋ္ဌ ဦးခွန်ထီဆောင်၊ ကယားပြည်နယ်အမျိုးသားညီလာခံကော်မရှင်အဖွဲ့ဝင် ဦးခူးရှေရယ်၊ တစည လွှတ်တော်ကိုယ်စားလှယ် စောတာရူတူးတို့က နအဖ၏ အတုအယောင် အမျိုးသားညီလာခံနှင့် ပတ်သက်သည့် ၎င်းတို့၏ အတွေ့အကြုံများကို ရှင်းပြကြသည်။

ထိုသို့ရှင်းပြရာတွင် ဦးခွန်မြင့်ထွန်းက "တက်ရောက်လာသည့် ကိုယ်စားလှယ် ၁၀၈၈ ဦးတွင် အစိုးရမှ စိတ်တိုင်းကျရွေးချယ်ထားသည့် သူများက အများစုဖြစ်ပြီး အရွေးချယ်ခံ ကိုယ်စားလှယ်ဟူ၍ ၁၂ ဦးသာပါကြောင်း၊ ညီလာခံမှာပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းတွေရော၊ ဥပဒေတွေကိုပါ နအဖက ချိုးဖောက်ပြီး ကျင်းပတာဖြစ်တဲ့အတွက် အတုအယောင်ညီလာခံသာဖြစ်ကြောင်း" ပြောဆိုခဲ့သည်။

ရလလဖ ဥက္ကဋ္ဌ ဦးခွန်တိဆောင်ကလည်း "ညီလာခံဟာမတရားပဲ အတုအယောင်ပဲဖြစ်တယ်ဆိုတဲ့အကြောင်းကို လူတွေက သိသွားတယ်။ ဒါကြောင့်မို့ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းလို့ မရဘူးဆိုတဲ့အတွက် လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းမယ်။ တခြားနည်းမရှိကြောင်း" ပြောဆိုသွားသည်။

သတင်းစာရှင်းလင်းပွဲသို့ နယ်စပ်အခြေပြု နိုင်ငံရေး၊ လူမှုရေးအင်အားစုများမှ တာဝန်ရှိသူများ၊ သတင်းဌာနများမှ သတင်းထောက်များ စုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ကြောင်းသိရသည်။

ထိုသတင်းစာရှင်းလင်းပွဲတွင် FDB သတင်းနှင့်ပြန်ကြားရေးကော်မတီ ဒုတိယ အတွင်းရေးမှူး ကိုတိုးတိုးထွန်းမှတက်ရောက်ပြီး "စစ်အုပ်စုရဲ့ Road Map(7)ချက်တွင် အဆင့်လေးသည် အားအနည်းဆုံးကွင်းဆက်ဖြစ်ပြီး လူထုများ၏ အလိုက်ပါနိုင်ဆုံးနေရာဖြစ်သည်ဟု ဒီမိုကရေစီအင်အားစုများမှ အကဲဖြတ်ကြသည့်အတွက် ထိုအဆင့်နှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများမှ မည်သို့ပြင်ဆင်တည်ဆောက်မှုများကို ပြုလုပ်ထားပါသလဲ၊ အဆင့် (၂)နှင့် (၃)တွင် NLD အပါအဝင် မြေပေါ်နိုင်ငံရေးအင်အားစုများ၊ CFG အုပ်စုများ မည်သို့သော အလားအလာများဖြစ်ပေါ်လာနိုင်မလဲ"ဆိုသည့် မေးခွန်းကို မေးမြန်းခဲ့သည်။

ထိုမေးခွန်းနှင့်ပတ်သက်၍ ခွန်မြင့်ထွန်းမှ "လူထုလိုက်ပါနိုင်တဲ့နည်းလမ်းဖြစ်တဲ့ ရွေးကောက်ပွဲကို ဝင်ခဲ့ကြတယ်။ ဒါပေမဲ့ ဒီတကြိမ်လုပ်မယ့် ရွေးကောက်ပွဲတို့ Referendum တို့မှာ လူထုကလိုက်ပါနိုင်မှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီပဲယင်းကိစ္စ၊ ပြီးခဲ့တဲ့ မေ(၂၇) ရွှေတိဂုံဘုရားကိုသွားတဲ့ကိစ္စတွေမှာ သူ့ဘက်က လူထုအတုတွေ ဖန်တီးပြီးတော့ တိုက်ခိုက်တာတွေရှိတယ်။ ဒီတော့ ကျနော်တို့ ရွေးကောက်ပွဲတို့ Referendum တို့မှာ လူထုက ပူးပေါင်းပါဝင်နိုင်မှာ မဟုတ်ပါဘူး"ဟု ပြောဆိုသွားသည်။

XXXXXXX

ယခင်အပတ်သတင်းလွှာများကို အောက်ပါအင်တာနက်စာမျက်နှာများတွင် ရယူဖတ်ရှုနိုင်ပါသည်
www.abfsu.net
www.absdf8888.org
www.dpns.org
www.yoma3.org

Forum for Democracy in Burma
PO Box 83, Mae Sod
Tak 63110
Thailand
Email: democraticforum@csloxinfo.com
Website: http://www.democraticforumburma.org.

# အာဆီယံပဋိညာဉ် ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းစဉ်ဆွေးနွေးပွဲ



မြန်မာနိုင်ငံ ဒီမိုကရက်တစ် အင်အားစု – နိုင်ငံခြားရေးရာ ကော်မတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီနှင့် အမျိုးသမီး များအဖွဲ့ချုပ် (မြန်မာနိုင်ငံ)တို့၏ ကမကထပြုမှုဖြင့် အာဆီယံပဋိညာဉ် (ASEAN Charter) ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အတွေ့ အကြုံဖလှယ်သည့် ဆွေးနွေးပွဲတခုကို ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့သည်၊

ထိုအခမ်းအနားသို့ နယ်စပ်ဒေသရှိ နိုင်ငံရေးအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များ၊ အလုပ်သမားရေးရာအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့ အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၃၀ ဦးတက်ရောက်ခဲ့ပြီး အရှေ့ တောင်အာရှ ရှေ့ဆောင်လှုံ့ဆော်ရေးကော်မတီ (Sout East Asian Committee for Advocacy)နှင့် မြန်မာ့အရေးဆိုင်ရာ စင်ပြိုင်အာဆီယံကွန်ယက် (Alternative ASEAN Network on Burma) တို့မှ ပြုလုပ်နေသည့် အာဆီယံပဋိညာဉ်နှင့် ပတ်သက်သည့် ရေးဆွဲရေးလုပ်ငန်းစဉ်၏ အဆင့်များကို စီစဉ်သူများမှ ဆွေးနွေးရှင်းလင်းပြပြီး တက်ရောက်လာသူများ ပြန်လှန်မေးမြန်းခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

XXXXXXX

# မြန်မာအမျိုးသမီးသမဂ္ဂမှ မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးစကားဝိုင်းပြုလုပ်ခြင်း



၁၃၊ ၇၊ ၂၀၀၇ ရက်နေ့တွင် စက်ရုံများတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများအား လစဉ်မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးပညာပေး စကားဝိုင်းကို ပြုလုပ်ခဲ့ပါသည်။ ထိုစကားဝိုင်းတွင် အမျိုးသမီးနှင့် အမျိုးသားများကြား အချင်းချင်းအပြန်အလှန် နားလည်တတ်စေရန်၊ ကိုယ်ဝန်ဖျက်ချမှုများ လျော့နည်းလာစေရန်နှင့် လိင်ဆက်ဆံခြင်းမှ တဆင့် ကူးစက်တတ်သောရောဂါများကို ကာကွယ်တတ်စေရန်နှင့် မိသားစုစီမံကိန်းအကြောင်းကို စနစ်တကျ ပြန်လည်အသုံးပြုတတ်စေရန် ရည်ရွယ်၍ လစဉ်ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ မိသားစုစီမံကိန်းအတွက် ထိုးဆေး၊ ဆေးကဒ်၊ ကွန်ဒုံး(အမျိုးသမီး၊အမျိုးသား)၊ သားကြောဖြတ်ခြင်း၊ သဘာဝရက်ရှောင်နည်း စသည့်အကြောင်းများကို စက်ရုံအတွင်းရှိ အမျိုးသမီးနှင့် အမျိုးသားများကြား အချင်းချင်းအပြန်အလှန် ဆွေးနွေး ခဲ့ကြပါသည်။ အလုပ်သမားအမျိုးသားတဦးမှ “ဒီလိုစကားဝိုင်းများလုပ်ပေးခြင်းအားဖြင့် ကျွန်တော်တို့အကြားမှာ အချင်းချင်း ရင်းနှီးမှုတွေရလာသလို၊ ဒီလို ကျန်းမာရေးဘက်ကနေပြီးတော့ ကြည့်ခြင်းအားဖြင့် ရှက်စရာမဟုတ်တော့ဘဲ ဆွေးနွေးစရာ အကြောင်းအရာဖြစ်လာပါတယ်”ဟု ပြောကြားခဲ့သည်။

အလုပ်သမားအမျိုးသမီးတဦးကလည်း “ဒါတွေကိုသိခြင်းအားဖြင့် မိမိကိုယ်ကို ကာကွယ်နိုင်သလို အခြားသူငယ်ချင်းများကိုလည်း ပြန်လည် ကူညီပေးနိုင်ပါတယ်။ ကျမတို့ရဲ့ လူမှုအသိုင်းအဝန်းက ဒီအကြောင်းတွေကို မပြောသင့်ဘူးလို့ ထင်ကြတော့ ကိုယ့်မှာ အခက်အခဲတွေရှိလာရင် ဘာလုပ်ရန်မှန်း မသိတော့ဘဲ ပြဿနာတွေက ပိုပြီးရှုပ်လာပါတော့တယ်”ဟု ပြောကြားခဲ့သည်။

XXXXXXX

# ဆရာကြီးသခင်ကိုယ်တော်မှိုင်းကွယ်လွန်ခြင်း (၄၃)နှစ်မြောက် အောင့်မေ့ဖွယ်အခမ်းအနားတခု ပြုလုပ်



၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့က စမ်းချောင်းမြို့နယ် ချမ်းသာလမ်းရှိ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနေအိမ်တွင် ဂုဗိမာန် စောင့်ရှောက်ရေးကော်မတီနှင့် ဆရာကြီးမိသားစုများက ဆရာကြီးမှိုင်း ကွယ်လွန်ခြင်း (၄၃)နှစ်မြောက် အောင့်မေ့ဖွယ် အခမ်းအနားတခု ပြုလုပ်ခဲ့ကြပါတယ်။

XXXXXXX

# ဖိုရမ် မူဝါဒရေးရာဦးဆောင်အဖွဲ့ အစည်းအဝေးကျင်းပ



မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ ပထမအကြိမ်ညီလာခံသက်တမ်း ဒုတိယအကြိမ်မြောက် မူဝါဒရေးရာဦးဆောင်အဖွဲ့ အစည်းအဝေးကို ထိုင်း–မြန်မာနယ်စပ်တနေရာရှိ ဖိုရမ်အစည်းအဝေးခန်းမတွင် ၁၀၊ ၇၊ ၀၇မှ ၁၂၊ ၇၊ ၀၇ထိ (၃)ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင် အဖွဲ့အစည်းများမှ မူဝါဒရေးရာအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများ စုစုပေါင်း (၂၅)ဦးတက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင်သစ် လျှောက်ထားခြင်းအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်း၊ လုပ်ငန်းအစီရင်ခံစာများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများအပေါ် ဆွေးနွေးသုံးသပ်ခြင်း၊ လတ်တလော ရှေ့လုပ်ငန်းစဉ်ဆိုင်ရာများ ဆွေးနွေးဆုံးဖြတ်ခြင်း၊ ကော်မတီအလိုက် ဖွဲ့စည်းမှုဆိုင်ရာများကို ပြန်လည်သုံးသပ်ခြင်းနှင့် အထွေထွေကဏ္ဍတို့ကို လုပ်ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုကို အဖွဲ့ဝင်အဖွဲ့အစည်းများဖြစ်သော လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂများအဖွဲ့ချုပ်–နိုင်ငံခြားရေးရာကော်မတီ၊ မြန်မာ့အမျိုးသမီးသမဂ္ဂ၊ ပြည်သူ့ကာကွယ်ရေးတပ်ဦး၊ ရောင်ခြည်ဦးအလုပ်သမားအဖွဲ့နှင့် တသီးပုဂ္ဂလများ ဖြင့် ၂၀၀၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။

XXXXXXX

# ရွှေ့ပြောင်းအလုပ်သမားများအတွက် အခွင့်အရေးများကို ပူးတွဲလုပ်ဆောင်ခြင်း



၃၊ ၇၊ ၂၀၀၇ ရက်နေ့တွင် မြန်မာ့အမျိုးသမီးသမဂ္ဂမှ အခြားအလုပ်သမားအဖွဲ့များနှင့် ပူပေါင်းပြီး ရွှေ့ပြောင်းအလုပ်သမားများအတွက် (Migrant promotion Working Group) ဖွဲ့စည်းခဲ့ပြီး ထို Group အတွင်း အပိုင်းလေးပိုင်းပါဝင်ပြီး ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး၊ ကလေးအခွင့်အရေး၊ အမျိုးသားကျန်းမာရေးနှင့် အမျိုးသမီးအခွင့်အရေးတို့ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့အမျိုးသမီးသမဂ္ဂမှ ဦးဆောင်ပြီး ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးများ၏ အများဆုံးဖြစ်ပွားလေ့ရှိသော တရားမဝင်ကိုယ်ဝန်ဖျက်ချခြင်း၊ အိမ်တွင်း အကြမ်းဖက်မှု၊ အတင်းအဓမ္မ မုဒိမ်းကျင့်ခံရခြင်း စသည့်အကြောင်းများကို ဆွေးနွေးခဲ့သည်။ ၎င်းပြဿနာများအား လျော့နည်းသွားစေရန်နှင့် မည်သို့ပြုလုပ်ရမည်ကို စုပေါင်း၍ ဆွေးနွေး ခဲ့သည်။ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများနှင့် အမျိုးသားများကြား၊ အဖွဲ့အစည်းများ မှလည်း ပြန်လည်ပံ့ပိုးမှုများ လိုအပ်ကြောင်းကိုလည်း ဆွေးနွေးခဲ့သည်။

XXXXXXX

# Logical Frammework Approach (LFA) Workshop



Danish Burma Committee ၏ ကူညီပံ့ပိုးမှုဖြင့် Logical Frammework Approach Workshop ကို ဇူလိုင်လ(၆) ရက်နေ့မှ (၈)ရက်နေ့ထိ FDB ရုံးတွင် ပြုလုပ်သွားသည်။

LFA ဆိုသည်မှာ လုပ်ငန်းစဉ်နှင့် မဟာဗျူဟာများကို ယုတ္တိဗေဒဘောင်ဖြင့် ချဉ်းကပ်ရှုမြင်လုပ်ဆောင်ခြင်းဖြစ်ပြီး စီမံချက်ဆွဲရာများတွင် အထောက်အကူပြုစေပါသည်။ ဤနည်းနာသည် ပြဿနာများကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပြီး ၎င်းအခြေခံမှတဆင့် ရည်မှန်းချက်၊ ဦးတည်ရည်ရွယ်ချက်ဖြင့် လုပ်ငန်းများကို ဖေါ်ထုတ်ခြင်း၊ ဖြစ်ထွန်းမှုများကို အကဲဖြတ်စောင့်ကြည့်ခြင်းနှင့် ပြန်လည်သုံးသပ်နည်းစနစ်များ ဖော်ထုတ်ခြင်းတို့ကို ဖြစ်ပေါ်စေသောကြောင့် နိုင်ငံတကာအဖွဲ့အစည်းကြီးများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျှက်ရှိပါသည်။ ၎င်းနည်းနာကို မိမိတို့အဖွဲ့အစည်းနှင့် လုပ်ငန်းစဉ်များတိုးတက်စေရေးအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပါသည်။ DBC မှ ဒါရိုက်တာဖြစ်သူ Ms.Anette Berentgen မှ လာရောက်ပို့ချခြင်း ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု အဖွဲ့ဝင်အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ မဟာမိတ် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ အခြားဖိတ်ကြားသင့်သူများအပါအဝင် ကိုယ်စားလှယ် (၂၀)ကျော် တက်ရောက်ခဲ့ကြသည်။

XXXXXXX

## ဓါတ်လိုက်သေဆုံးသူအလုပ်သမားအတွက် လျော်ကြေးပေးရန် တရားရုံးက အမိန့်ချမှတ်

လွန်ခဲ့သည့်နှစ်ကုန်ပိုင်းက ဓါတ်လိုက်သေဆုံးခဲ့သည့် မြန်မာအလုပ်သမားတဦးအား နစ်နာကြေးပေးရန် ထိုင်းတရားရုံးက ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။

ထိုင်းနိုင်ငံတွင် ပန်းရံအလုပ်လုပ်ကိုင်နေသူ ကိုဇော်သိုက်မှာ အလုပ်ခွင်အတွင်း ပြီးခဲ့သည့်နှစ် နိုဝင်ဘာလ (၂၃)ရက်နေ့က ဓါတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်သည်။

အသက် (၂၁)နှစ်ရှိသူ ကိုဇော်သိုက်၏ မိခင်ဒေါ်ပုက သားဖြစ်သူသေဆုံးခြင်းကို အဆိုပါနှစ် ဒီဇင်ဘာလဆန်းက ရောင်ခြည်ဦးအလုပ်သမားအဖွဲ့သို့ လာရောက်တိုင်ကြားခဲ့သဖြင့် မက်ဖောင်ဒေးရှင်းနှင့်ပူးပေါင်းကာ အဆိုပါလူသေမှုအား အမှုဖွင့်တရားစွဲဆိုခဲ့ရာ ထိုင်းရွာသူကြီးနှင့် ညှိနှိုင်းမှုအရ နစ်နာကြေး ဘတ်ငွေ (၃၀၀၀၀)အား အလုပ်ရှင်မှ ပေးရန်သဘောတူညီမှုရခဲ့သည်။

သို့သော် အဆိုပါအလုပ်ရှင်မှ ဘတ်ငွေ (၂၅၀၀၀)သာပေးသဖြင့် ပထမညှိနှိုင်းသဘောတူညီခြင်း ပျက်ပြယ်ခဲ့ပြီးနောက် သေဆုံးသူ မိခင်ကိုယ်တိုင် ရောင်ခြည်ဦးအလုပ်သမားအဖွဲ့၏ အကူအညီဖြင့် တရားရုံးသို့ တက်ရောက်ရင်ဆိုင်ခဲ့သည်။

ယခုလ ၂၄ ရက်နေ့တွင် ထိုင်းတရားရုံးမှ သေဆုံးသူအတွက် နစ်နာကြေးငွေ (၅၀၀၀၀) သောင်းကို ယခုလ (၃၁)ရက်နေ့တွင် အလုပ်ရှင်မှ ပေးဆောင်ရန်အမိန့် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ကိုဇော်သိုက် သေဆုံးချိန်တွင် ဇနီးနှင့် သုံးလသားအရွယ် သမီးငယ်တဦး ကျန်ရစ်ခဲ့သည်။

XXXXXXX

## ဆေးအဆိပ်သင့်သူကို အကူအညီပေးခဲ့



နှင်းဆီခြံအလုပ်သမားတဦး အပင်ဖျန်းဆေး ဆေးအဆိပ်သင့်ရာမှ ဆေးရုံတက်ရောက်ကုသမှုကို ရောင်ခြည်ဦးအလုပ်သမားအဖွဲ့က အကူအညီပေးခဲ့သည်။

ထိုင်းနိုင်ငံ ဖုဖ်ဖဒေသ နှင်းဆီခြံတွင် အလုပ်လုပ်ကိုင်နေသူ မြန်မာနိုင်ငံသား မောင်စိုးလင်းသည် အလုပ်ခွင်အတွင်း ပန်းပင်ဖျန်းသည့် ဆေးကိုသုံးစွဲနေရာမှ ဆေးအဆိပ်သင့်ကာ ယခုလ (၁၆)ရက်နေ့က ဆေးကုသမှုခံယူခဲ့ရခြင်း ဖြစ်သည်။

အသက်(၂၀)အရွယ် မောင်စိုးလင်းသည် လွန်ခဲ့သည့်လေးနှစ်မှစတင်ကာ ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်ရန် ရောက်ရှိခဲ့ပြီး နောက် အဆိုပါဒေသရှိ နှင်းဆီခြံတွင် အလုပ်ဝင်ရောက်လုပ်ကိုင်ရာ တရက်လျှင် ထိုင်းဘတ်ငွေ (၇၀)နှုန်းသာ ရရှိခဲ့သူဖြစ်သည်။

"အလုပ်ကတော့ ပေါင်းသင်၊ မြက်နှုတ်၊ ပျိုးကြဲနဲ့ ဆေးဖျန်းတာတွေလုပ်ရတယ်၊ ဖုဖ်ဖဆေးရုံမှာ လေးရက်လောက်ကြာမှ မဲဆောက်ဆေးရုံကို လွှဲပေးခဲ့တာ အဆိပ်ထိပြီး သွေးသွင်းနေရတယ်၊ အစာကိုလည်း ပိုက်နဲ့သွင်း နေရတယ်" ဟု မိခင်ဖြစ်သူ ဒေါ်စိုးက ဆိုသည်။

မောင်စိုးလင်းသည် ပဲခူးတိုင်း ဝေါမြို့နယ်မှဖြစ်ပြီး အဖဦးဌေးနိုင်၊ အမိဒေါ်စိုး၏ မွေးချင်း (၅)ယောက်အနက် ဒုတိယမြောက်သား ဖြစ်သည်။

ယခုအခါ အဆိုပါလူနာမှာ စကားအနည်းငယ်ပြောဆိုနိုင်ပြီး ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ ကိုဟန်ထွန်းနှင့် ကိုနေနိုင်တို့က ကျန်းမာရေးနှင့် ပတ်သက်သည့် ကူညီဆောင်ရွက်မှုများပေးကာ မိသားစုနှင့် တွေ့ဆုံ၍ အားပေးစကားပြောခဲ့သည်။

XXXXXXX

# အာဆီယံနိုင်ငံများကြား လူ့အခွင့်အရေးအဖွဲ့တစ်ခု ဖွဲ့စည်းရန်အဆိုပြုချက်ကို မြန်မာစစ်အစိုးရ ဆန့်ကျင်သည့်ကိစ္စနဲ့ ပတ်သက်ပြီး ဒေါ်ခင်ဥမ္မာကို ဗွီအိုအေမှ ဆက်သွယ်မေးမြန်းချက်

၂၇ ဇူလိုင် ၂၀၀၇

**ဗွီအိုအေ**။ ။ အာဆီယံနိုင်ငံတွေကြား လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဖို့ ဖိလစ်ပိုင်နိုင်ငံရဲ့ အဆိုပြုချက်ကို မြန်မာနိုင်ငံက ဆန့်ကျင်တယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု၊ နိုင်ငံခြားရေးရာကော်မတီဝင် ဒေါ်ခင်ဥမ္မာကို ဦးဝင်းအောင်က ဆက်သွယ်မေးမြန်းထားပါတယ်။

**ဦးဝင်းအောင်**။ ။ ဟုတ်ကဲ့ မခင်ဥမ္မာ ခင်ဗျာ။ ဒီကနေ့ မနီလာကလာတဲ့ အေပီသတင်းထဲမှာ အာဆီယံနိုင်ငံများအကြား လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဖို့ဆိုတာကို မြန်မာစစ်အစိုးရက ဆန့်ကျင်တယ်လို့ ဆိုထားပါတယ်။ စတောင် မစရသေးဘူး၊ ကြိုတင် ဆန့်ကျင်နေတဲ့အပေါ်မှာ ဘယ်လို မြင်ပါသလဲခင်ဗျာ။

**ခင်ဥမ္မာ**။ ။ ကျမ မအံ့ဩပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နအဖစစ်အစိုးရက လူ့အခွင့်အရေးကို ချိုးဖောက်နေပြီး တရားဝင်အစိုးရမဟုတ်တော့ လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့ ဖြစ်လာတဲ့အပေါ်မှာတော့ သူတို့က လက်ခံမှာ မဟုတ်ပါဘူးရှင့်။

**ဦးဝင်းအောင်**။ ။ ဖိလစ်ပိုင်နိုင်ငံလိုပေ့ါလေ သဘောထားပျော့ပြောင်းတဲ့၊ တနည်းဆိုရလို့ရှိရင် ဒီမိုကရေစီကျင့်သုံးတဲ့၊ ဒီမိုကရေစီအသားကျနေတဲ့ နိုင်ငံတွေက အဲဒီလို လူ့အခွင့်အရေးအဖွဲ့ ဖွဲ့စည်းစေချင်တယ်၊ အဲဒါကို ရော ဘယ်လို သုံးသပ်ပါသလဲ။

**ခင်ဥမ္မာ**။ ။ ဟုတ်ကဲ့။ တစ်ခုက ဒီ အာဆီယံဒေသအဖွဲ့အနေနဲ့ စိန်ခေါ်မှုတွေ အများကြီးရင်ဆိုင်နေရတယ်လို့ ကျမ မြင်ပါတယ်။ အာဆီယံ Charter အခု ဆွဲနေပြီ။ ဒီ Charter အရဆိုရင် အာဆီယံအဖွဲ့ဝင်တွေ အကုန်လုံးက Charter မှာပါတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း လိုက်နာရတော့မယ်။ ဆိုတော့ အဲဒီလိုမျိုးလိုက်နာမယ်ဆိုရင် လူ့အခွင့်အရေးကို မလိုက်နာတဲ့၊ လူ့အခွင့်အရေး ချိုးဖောက်တဲ့၊ ဒီမိုကရေစီမကျင့်သုံးတဲ့ မြန်မာနိုင်ငံလိုမျိုး၊ ဒီ နအဖစစ်အစိုးရလိုမျိုး နိုင်ငံတွေက သူတို့အနေနဲ့ ဒါကို လက်ခံမှာ မဟုတ်ပါဘူး။ တချိန်တည်းမှာပဲ ဖိလစ်ပိုင်လို နိုင်ငံမျိုးတွေကျတော့ ဒေသထဲမှာ ပြည်သူလူထုရဲ့ ဘဝဖွံ့ဖြိုးတိုးတက်မှုတွေ လုပ်ဖြစ်ဖို့၊ နောက်ပြီးတော့ အာဆီယံဆိုတာ ဒေသတစ်ခုလုံးအရ၊ အာဆီယံအဖွဲ့က ကမ္ဘာအလယ်မှာ ဒီ့ထက် ပိုပြီးမျက်နှာပျက်မှုကနေ တိုးတက်ဖို့ဆိုလို့ရှိရင် လူ့ အခွင့်အရေး အခြေခံတွေ၊ ဒီမိုကရေစီအခြေခံတွေ မရှိလို့ မရတော့ဘူး၊ အဲဒီအပေါ်မှာ သူတို့က ဒါကို လုပ်ရတော့မယ်ဆိုတာကို မြင်လာတယ်။ အထူးသဖြင့် နအဖစစ်အစိုးရက လူ့အခွင့်အရေးတွေကို ချိုးဖောက်ပြီးတော့မှ အခုလို ဒေသအဖွဲ့ဝင်ထဲမှာ သူထင်ရာ သူလုပ်နေတယ်ဆိုတဲ့ ဥစ္စာက အာဆီယံအတွက် ဘယ်လိုမှ မျက်နှာမပြနိုင်အောင် ဆိုးကျိုးတွေနဲ့ ရင်ဆိုင်နေရတယ်။ ဒါကို ကျော်လွှားနိုင်ဖို့ဆိုရင် ခုနတုန်းက Charter မှာ အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီအနှစ်သာရတွေ မပါလို့မရတော့ပါဘူး။ ဒါ စိန်ခေါ်မှုကြီးတယ်လို့ ကျမ သုံးသပ်ပါတယ်။

**ဦးဝင်းအောင်**။ ။ အဲဒီလို အာဆီယံ *Charter* ကိုလည်း အခု သူတို့ အတည်ပြုတော့မယ်၊ ထုတ်ပြန်တော့မယ်။ မြန်မာပြည်မှာလည်းပဲ အမျိုးသားညီလာခံ နောက်ဆုံးအကျော့ စည်းဝေးပွဲပြုလုပ်နေပြီးတော့ ဖွဲ့စည်းပုံပေါ်လာတော့မယ်၊ ရွေးကောက်ပွဲတွေ လုပ်တော့မယ်ဆိုတဲ့ ခန့်မှန်းချက်တွေလည်း ပေါ်ထွက်နေတဲ့အချိန်မှာ အာဆီယံရဲ့ လူ့အခွင့်အရေးအဖွဲ့ ဖွဲ့စည်းမှာကို ဆန့်ကျင်တယ်ဆိုတဲ့ သတင်းထွက်လာတော့ ဒီသတင်းကို ကြားရတဲ့ မြန်မာလူထုအတွက် စိတ်ပျက်စရာ ဖြစ်သွားမယ်လို့ မထင်ဘူးလားခင်ဗျာ။

**ခင်ဥမ္မာ**။ ။ ဒါ အင်မတန်မှ စိတ်ပျက်စရာ ကောင်းပါတယ်။ တချိန်တည်းမှာပဲ နအဖ သဘောထားအစစ်အမှန်ကို ကျမတို့ မြင်လိုက်ရတာပါပဲ။ တကယ်လို့သာ နအဖက သူတို့ပြောတဲ့ လမ်းပြမြေပုံအတိုင်း ဒီမိုကရေစီကို တကယ်သွားမယ်။ ဖွဲ့စည်းပုံနဲ့ ရွေးကောက်ပွဲနဲ့ ဒါတွေကို လုပ်သွားမယ်ဆိုလို့ရှိရင် တကယ် ဒီမိုကရေစီကျကျ အခြေခံကျကျနဲ့ လုပ်မယ်ဆိုရင် လူ့အခွင့်အရေးအဖွဲ့တစ်ခုကို ဒေသတွင်းမှာ လက်မခံနိုင်စရာ ဘာမှ အကြောင်းမရှိပါဘူး။ တင်ပြရုံပဲ ရှိသေးတယ်၊ လက်မခံခဲ့ဘူးဆိုရင်တော့ နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ပြောင်းမယ်ဆိုတာဟာ သူတို့ပြောတဲ့စကားနဲ့ သူတို့ လုပ်တဲ့အလုပ်၊ လုပ်မယ့်အလုပ်က တခြားစီပဲ၊ ဆန့်ကျင်ဖက်ဖြစ်နေတယ်ဆိုတာကို အခုကတည်းက သက်သေပြပြီးသားဖြစ်တယ်လို့ ကျမတို့ သုံးသပ်လို့ရပါတယ်။ အင်မတန် စိတ်ပျက်ဖို့ကောင်းပါတယ်ရှင့်။

**ဗွီအိုအေ**။ ။ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု နိုင်ငံခြားရေးရာကော်မတီဝင် ဒေါ်ခင်ဥမ္မာ ဖြစ်ပါတယ်။

XXXXXXX

# ညောင်နှစ်ပင် / ကျိန်စာ

ဗညှ

ဗမာပြည်ရဲ့ နိုင်ငံရေးမိုးကောင်းကင်ဟာ အုံ့မှိုင်းနေတယ်။ ဘာမဆိုဖြစ်ပေါ်နိုင်တယ်ဆိုတဲ့ လေထုမျိုးကလည်း တသုန်သုန်ခတ်နေတာ သတိထားမိတယ်။ ဗမာပြည်သားများနဲ့ ဗမာပြည်အရေးကို စိတ်ဝင်စားတဲ့ နိုင်ငံခြားသားတွေဟာ နအဖရဲ့ ညောင်နှစ်ပင်ညီလာခံကို မျက်မှောင်ကုတ်ပြီး စောင့်ကြည့်နေကြတယ်။ သူတို့ရဲ့ဆုပ်ထားတဲ့ လက်သီးတွေထဲမှာတော့ ချွေးစေးတွေတောင် ပြန်နေတယ်။

စစ်အုပ်စုရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သွားရင် တိုင်းပြည်နဲ့ အမျိုးသားတွေ ဘယ့်ကလောက်နစ်နာမယ်ဆိုတာ သိသူတိုင်း ဒီအချိန်မှာ ကိုယ်ဘာလုပ်နိုင်သလဲလို့ စဉ်းစားနေကြတယ်။ နယ်စပ်ဒေသတွေမှာ စစ်တွေပြန်ဖြစ်လာဦးမလား။ အာဏာသိမ်းခွင့်ကို ဖွဲ့စည်းပုံအခြေခံအရ ပေးထားလို့ အာဏာတသိမ်းတည်းများ သိမ်းနေကြတော့မလား။ ဒီပဲယင်းထက်ဆိုးတဲ့ လုပ်ရပ်တွေ ထမင်းစားရေသောက်ကိစ္စလို ဖြစ်လာလေမလား။ စိတ်သက်သာဘွယ်ရာကတော့ ဘာမှ မမြင်ရတာအမှန်။

ဒီလိုအချိန်မှာပဲ ဗမာပြည်ရဲ့ နိုင်ငံရေးလောကမှာ ဘီလူးစည်း–လူစည်းလည်း ပိုကွဲလာနေတယ်။ အဲဒါက စစ်အုပ်စုကို ဆက်လက်ဆန့်ကျင်တိုက်ပွဲဝင်သွားလိုသူတွေနဲ့ နအဖဘက်က အလျှော့ပေးဟန်ပြယုံနဲ့ပဲ ပစ်ထောက်ခံ၊ ပစ်ပူးပေါင်းလိုက်မယ်ဆိုတဲ့ လူတွေ သိသိသာသာ ကွဲပြားလာနေတယ်။ တချို့လူတွေဆိုရင် နအဖက ကိုယ့်ကိုလှည့်တောင်မကြည့်တဲ့ကြားကပဲ မျက်စ တပစ်ထဲ ပစ်ပြနေကြတယ်။ ဒီမောင်စေ့စပ်၊ မယ်စေ့စပ်တွေကတော့ ညောင်နှစ်ပင်ပြီးတော့လည်း အထည်လဲဝတ်ပြီး နောက်တမျိုးနဲ့ တဘက်သတ်ပိုးကြအုန်းမှာပဲ။ မီဒီယာတချို့ဟာ ဗမာပြည်ထဲမှာရှိတဲ့ နအဖ မထောက်ခံသူ အရေအတွက် အချိုးအစားထက် အများကြီးပိုပြီး နအဖထောက်ခံသူတွေကို နေရာပေးပြောခိုင်းလာတယ်။ တပြားဘိုးရ–ရ၊ နှစ်ပြားဘိုးရ–ရ၊ ရသမျှနဲ့ စေ့စပ်သာ စေ့စပ်လိုက်ကြဆိုတဲ့ လမ်းစဉ်ကို မကျကျအောင် ချပေးနေသလား အောက်မေ့ရတယ်။ တချို့ကဆိုရင် ဘယ်အချက်တွေဟာ ကိုယ့်ဘက်က အလျှော့ပေးနိုင်တယ်၊ ပေးသင့်တယ်လို့တောင် ပြောနေကြတယ်။ ရှစ်လေးလုံး ဒီဘက်အပိုင်းမှာ ဒီလိုအသံတွေကို ဘယ်တုန်းကမှ အခုလောက် ကျယ်ကျယ်လောင်လောင် မကြားဖူးဘူး။ ဒါဟာ တိုက်ဆိုင်မှုမှ ဟုတ်ရဲ့လား စဉ်းစားစရာဖြစ်လာတယ်။ သူတို့ဟာ မြွေမျိုခံနေရတဲ့ မထွေးလေးကိုပဲ လျှော့မပေးကောင်းလားလို့ အပြစ်တင်နေတယ်။ တချို့ကတော့လည်း နအဖဟာ ဒီချုပ်နဲ့မို့ မဆွေးနွေးတာ၊ တခြားလူ (ဥပမာ–ငါ)နဲ့ဆိုရင် ဆွေးနွေးမှာလို့ ပြောနေ၊ တင်နေတယ်။ နအဖဆီမှာ မုန့်ဆီကျော်က ရှိကို မရှိတာဆိုတာ သူမသိဘူး ထင်ပါရဲ့။

သူတို့ပြောတာကို နည်းနည်းမှ နားမယောင်သူတွေထဲမှာ ထိပ်ဆုံးကပါတာ ဗမာပြည်က လူထုကြီးပဲ။ ရှင်ကြီးဝမ်းလည်းဝင်ဖူး၊ ရှင်ငယ်ဝမ်းလည်းဝင်ဖူးနေသူတွေပီပီ နအဖရဲ့စကားတွေကို တခွန်းမှ နားမယောင်ဘူး။ နအဖရဲ့သဘောထားဟာ ဘယ်သူနဲ့မှမစေ့စပ်ဘူးလို့ပဲဖော်ပြနေတယ်ဆိုတာ သူတို့အတွေ့အကြုံအရ ရှင်းနေတယ်။ ဒါပေမဲ့ ရသလောက်နဲ့ ကျေနပ်ချင်သူများကတော့ နအဖခြေလှမ်းတလှမ်း လှမ်းလိုက်တိုင်း ဘာများစေ့စပ်လို့ရမတုန်းလို့ မှန်ဘီလူးနဲ့ ထောက်ကြည့်နေကြတယ်။ နအဖရဲ့ပိုင်းဖြတ်ချက်ကို သူတို့မမြင်နိုင်ကြသလိုပဲ။ နောက်တခု သူတို့သေချာမကြည့်မြင်နိုင်တာက ပြည်သူလူထုကြီးရဲ့ အခြေအနေပဲ။ ဒါကို သူတို့ မသိတာလား၊ သိရက်နဲ့ တန်ဘိုးမထားတာလား၊ သူတို့ကိုယ်တိုင်မှ သိတော့မယ်။ ဒါပေမဲ့ လူထုကြီးရဲ့စိတ်ခံတ်ကို နအဖဗိုလ်ချုပ်တွေ ကောင်းကောင်းသိတယ်။ ဒါကြောင့်လည်း သူတို့ဟာ အဲဒီလို ခွေးကတက်က ခစားပိုင်ခွင့် တောင်းနေသူတွေကို လုံးဝ ဂရုမစိုက်၊ မသိချင်ဟန်ဆောင်နေတာပဲ။

စစ်ဗိုလ်ချုပ်တွေအဖို့လည်း အခု သူတို့ရွေးထားတဲ့ လမ်းကလွဲပြီး တခြားလိုက်စရာမရှိဘူးဆိုတာ မမေ့ဖို့လိုတယ်။ သူတို့ လက်ရှိခံစားနေရတဲ့စည်းစိမ်ဥစ္စာ၊ သူတို့သားမြေးမြစ်တွေအတွက် သူကြွယ်ဘဝအာမခံချက် စတာအားလုံးဟာ အာဏာနဲ့ တိုက်ရိုက်ဆက်နေတယ်။ အာဏာလက်ထဲ မရှိရင် ဒါတွေအားလုံးပျောက်သွားမယ်လို့ သူတို့တွက်ထားပြီးသားဖြစ်တယ်။ ဒါကြောင့် သူတို့ဟာ သေမြေကြီး၊ ရှင်ရွှေထီး လုပ်နေတာဖြစ်တယ်။ တဆက်တည်းမှာ ဒီတပွဲအတွက် ဘက်စုံပြင်ဆင်နေတာပဲ။ ရပ်ကွက်ထဲက လူမိုက်လူဆိုးတွေကို တရားဝင်အဖွဲ့အစည်းဖြစ်အောင် ဖွဲ့ပေးတယ်၊ အခွင့်အာဏာနဲ့ လက်နက်တပ်ဆင်ပေးတယ်၊ လေ့ကျင့်ပေးတယ်၊ ဒီပဲယင်းလို အရေးအခင်းတွေမှာ လက်တွေ့ဆင်းခိုင်းတယ်။ ၈၈ ကျောင်းသားတွေ လူအင်အား ၄–၅ရာလောက်နဲ့ ရွှေတိဂုံဘုရားပေါ်တက်မှာကို အင်အားထောင်သောင်းပြုပြီး ခြိမ်းခြောက်တယ်။ နောက်ပြီး သူတို့ရဲ့ကောလဟာလ စက်ရုံတွေကလည်း ထုံးစံအတိုင်း ကောလဟာလတွေ အမျိုးမျိုးထုတ်လွှင့်နေတယ်။ ဘယ်မှာဖြင့် အင်မတန်ရက်စက်တဲ့ အမည်မသိ တပ်ဖွဲ့တဖွဲ့သွားလာနေတယ်၊ ဘယ်မှာဖြင့် အမည်မသိလူတွေ ရက်ရက်စက်စက် အသတ်ခံရထားတာတွေ့ရတယ်ဆိုတာမျိုးတွေနဲ့ လူတွေကို ခြောက်ခြားအောင် လုပ်ထားတယ်။ နိုင်ငံရေးရှုပ်ထွေးစေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ သူတို့မွေးထားတဲ့ ခြံထဲကလူမျိုးစုံကို ပွဲထုတ်သဘောထားတွေ လွှင့်ခိုင်းတယ်။ (ရလဒ်ကတော့ လူထုကြားမှာ အဲဒီလူတွေရဲ့ မရိုးသားမှုပဲ ပွင့်ကျသွားတယ်)။

ဒီလို တိုင်းပြည်အတွက် အဆုံးအဖြတ်ကာလမှာ ကိုယ့်အရောင်အသွေးမှန်တွေ ဖော်ပြလာတာမဆန်းဘူး။ ဖော်လည်း ဖော်ပြကြရတော့မယ်။ ကွဲထွက်မှုတွေ၊ ပေါင်းစည်းမှုတွေအထိ ဖြစ်ကောင်းဖြစ်လာနိုင်တယ်။ နိုင်ငံရေးဆိုတာ အရေးကြီးတဲ့ အကွေ့တကွေ့ရောက်ရင် နိုင်ငံရေးသမားတိုင်း မရှောင်မလွဲသာပဲ ကိုယ့်ရပ်တည်ချက်ကို ဖော်ပြရတာမျိုးဖြစ်တတ်တယ်။ အဲဒီလိုအခါမျိုးမှာ ဘယ်သူမှ ယီးတီးယားတား လုပ်လို့မရဘူး။ အတိအကျအဖြေပေးကြရတယ်။ ဗန်းမော်တင်အောင်ပြောတဲ့ "လူတစ်ယောက်ရဲ့ တန်ဘိုးဟာ သူဖြတ်သန်းကျော်လွှားနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဘယ်လောက်သယ်ပိုး ထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့ တိုင်းတာရမှာပဲ"ဆိုတာ ဒါကိုပြောတာ။

ဒီစကားဟာ လူတယောက်မှ မဟုတ်ပါဘူး၊ အဖွဲ့အစည်းတခုနဲ့လည်း ဆိုင်ပါတယ်။ အခု ဒီချုပ်ဟာ ဒီတကွေ့မှာ သူ့ကို ပြည်သူလူထုက ပုံအပ်ထားတဲ့တာဝန်ကို ထမ်းဆောင်နိုင်မလား၊ မထမ်းဆောင်နိုင်ဘူးလားဆိုတာ ဖော်ပြရတော့မယ်။ နအဖနဲ့ ထိပ်တိုက်မတွေ့ချင်ပေမဲ့ နအဖမကြိုက်တာကိုတော့ အတိအလင်းပြောရတော့မယ်။ ဒီညောင်နှစ်ပင်က ချမှတ်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေအပေါ် ဘယ်လိုမြင်တယ်၊ နအဖက "လူထုဆန္ဒခံယူပွဲ"လုပ်လာရင် လူထုကို ဘယ်လိုလုံ့ဆော်မယ် စတာတွေ ပြောပြရတော့မယ်။ ယုန်ကလေး နှာစေးနေလို့ မရတော့ဘူး။ လူထုကတော့ ရှေ့ကိုတိုးတော့မှာ။ သူတို့ကို လမ်းမှန်ပြနိုင်ဖို့လိုတယ်။ လမ်းမှန်လည်း မပြနိုင်၊ ရှေ့မှာလည်း ပိတ်ဆို့နေမယ်ဆိုရင်တော့ ကိုယ့်တာဝန် ကိုယ်ယူပေတော့ပဲ။

တကယ်က ဒီအချိန်မှာ ငြိမ်းအဖွဲ့တော်တော်များများတောင်မှ အားဖြည့်တာ၊ ပြင်ဆင်တာတွေလုပ်နေတယ်ကြားတယ်။ ဒီချုပ်လည်း ကိုယ့်တပ်ဖွဲ့ကို အနည်းဆုံး အတွေးအခေါ်အရ ပြင်ဆင်တာတော့ လုပ်သင့်ပြီ။

ကျန်စစ်အစိုးရကို ဆန့်ကျင်သူများအားလုံးလည်း အတိုက်အခံများအချင်းချင်း၊ အနည်းဆုံး ကိုယ့်အချင်းချင်း၊ သွေးစည်းကြောင်းတော့ ဖော်ပြဖို့လိုပြီ။

ဗညြ

XXXXXXX

# ၄၅ နှစ်မြောက် ဇူလိုင် (၇)ရက် အရေးတော်ပုံအထိမ်းအမှတ် အခမ်းအနားကျင်းပ



၂၀၀၇ ခုနှစ် ဇူလိုင်လ(၇) ရက်နေ့တွင် ၄၅ နှစ်မြောက် ဇူလိုင်(၇)ရက် အရေးတော်ပုံအထိမ်းအမှတ် အခမ်းအနားကို ထိုင်း-မြန်မာ နယ်စပ်တနေရာတွင် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီတို့မှ ဦးဆောင်ပြီး ဒီမိုကရေစီမဟာမိတ်အင်အားစုများပါဝင်သည့် အခမ်းအနားဖြစ်မြောက်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းကာ ပြည်ထောင်မြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) ရုံးတွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ မျိုးဆက်သစ်ကျောင်းသားလူငယ်လေးများ၊ ဒီမိုကရေစီအင်အားစုများ၊ မဟာမိတ်အဖွဲ့အစည်းများ စုစုပေါင်းအင်အား (၁၅၀) ကျော် တက်ရောက်ခဲ့ကြသည်။

၄၅ နှစ်မြောက် ဇူလိုင် (၇)ရက်အထိမ်းအမှတ် လက်ကမ်းစာစောင်များ၊ သဝဏ်လွှာများ၊ ထုတ်ပြန်ကြေညာချက်များ၊ သမိုင်းဝင်စာအုပ်စာတမ်းများကို ခင်းကျင်းပြသဖြန့်ဝေခဲ့သည်။

အခမ်းအနားဖြစ်မြောက်ရေးကော်မတီမှ ...

"စစ်အာဏာရှင်စနစ် ဆက်လက်တည်ရှိနေသရွေ့ (၇)ရက် ဇူလိုင်လို လူသတ်ပွဲတွေ ဆက်ဖြစ်နေအုံးမယ်။ ဒီလိုလူသတ်ပွဲတွေ အနာဂတ်မှာ ဆက်မပေါ်ပေါက်ဖို့၊ ဒီမိုကရေစီအခွင့်အရေးတွေ ပြည့်ဝပြီး ငြိမ်းချမ်းဖွံ့ဖြိုးတဲ့ နိုင်ငံတရပ်ပေါ်ပေါက်ဖို့ဆိုရင် စစ်အာဏာရှင်စနစ်ကို လုံးဝ ဖျက်သိမ်းပစ်ဖို့လိုပါတယ်။ အနာဂတ်အတွက် အမြော်အမြင်ရှိရှိ နိုင်ငံရေးသတိရှိရှိနဲ့ လူထုကြီးရဲ့တိုက်ပွဲအားနဲ့ စစ်အာဏာရှင်စနစ်ကို အကုန်အစင် ဖျက်သိမ်းပစ်ကြဖို့ အင်အားစုတိုင်းကို အလေးအနက်တိုက်တွန်းအပ်တယ်"ဆိုသည့် သဘောထားထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

XXXXXXX

# ညောင်နှစ်ပင်ကို မျှော်လင့်စိတ်ကူးယဉ်လို့မဖြစ်ပါ

တူဖမောင်ညို

ဇွန်လ ၅ ရက်နေ့က ညောင်နှစ်ပင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌရဲ့ ပြောစကားကို ထင်မှတ်မှားတွက်ချက်ခဲ့မှု၊ မျှော်လင့်စိတ်ကူးယဉ်မှုများကို ဇူလိုင်လ ၁၈ ရက်နေ့ 'နောက်ဆုံးညောင်နှစ်ပင်ညီလာခံ' ဖွင့်ပွဲ မိန့်ခွန်းနဲ့ ဗိုလ်သိန်းစိန် အခုလို အဆုံးသတ်ပေးခဲ့ပါတယ်။

"ယခုတစ်ကြိမ်ဟာ နောက်ဆုံးအကြိမ်ဖြစ်တာနဲ့အညီ ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ရှေ့နောက်ညီညွတ်ဆီလျော် အောင်အစအဆုံး ပြန်လည်သုံးသပ်ကြဖို့လိုပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ မူလဦးတည်ချက်များနဲ့ချမှတ်ခဲ့တဲ့ အသေးစိတ် အခြေခံရမယ့်မူများရဲ့ သဘောအဓိပ္ပာယ်မှ ကွဲလွဲမှုမရှိစေဘဲ လိုအပ်သမျှကိုသာ ဆောင်ရွက်ကြရန် ဖြစ်ပါတယ်"

ကျနော်တို့ ဒီပြောဆိုချက်ကို သူတို့ စပြောကတည်းက အယုံအကြည်မရှိပါဘူး။

မယုံကြည်ရတဲ့ အဓိကအကြောင်းအချက် ၂ ခု ရှိပါတယ်။

၁။ (နဝတ– နအဖ) စစ်အစိုးရဟာ သူတို့ပေးထားတဲ့ ကတိကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့တာ ဖြစ်ပါတယ်။

(နဝတ)ရဲ့ တာဝန်ကြီးလေးရပ်မှာ နောက်ဆုံးတာဝန်ဟာ ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲကျင်းပ ပြုလုပ်ပေးဖို့ဖြစ်ပါတယ်။ ရွေးကောက်ပွဲအနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးပြီး တပ်က စစ်တန်းလျားပြန်မယ်လို့ ထိုစဉ်က (နဝတ)ဥက္ကဋ္ဌဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးစောမောင်က တိုင်းသိပြည်သိ ပြောကြားခဲ့တာပါ။

ဒီချုပ်က တခဲနက်အနိုင်ရတော့ သူတို့ပေးခဲ့တဲ့ ကတိကို ဖျက်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးစောမောင် ရာထူးက ထွက်သွားရပါတယ်။

သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်ခဲ့ပြီလို့ လိမ်ညာပြောဆိုခဲ့ပြီး နောက်ဆုံးမှာ ဒီပဲယင်းအကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုကို ကျူးလွန်ခဲ့ပါတယ်။ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ကို ယနေ့အထိ ဖမ်းဆီးထားပါတယ်။ ဒီပဲယင်းအကြမ်းဖက်မှုကို အဖြစ်မှန်ပေါ်ပေါက် အောင် လေ့လာစုံစမ်းမှုမပြုဝံ့ပါဘူး။

၂။ ညီလာခံဦးတည်ချက်၊ အခြေခံမူ (၁၀၄) လုပ်ထုံးလုပ်နည်းတွေနဲ့ ဒီချုပ်နဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေတင်ပြခဲ့တဲ့ အချက်အလက်တွေကို လေ့လာကိုးကားပြီးပြောတာဖြစ်ပါတယ်။

ညောင်နှစ်ပင်ညီလာခံ မစတင်ခင် ၂၀၀၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့ ဒီချုပ်ထုတ်ပြန်ချက်

အပစ်ရပ်အဖွဲ့များ၏ ၂၀၀၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့စွဲဖြင့် ကော်မရှင်ဥက္ကဋ္ဌထံတင်ပြချက်

ညီလာခံလုပ်ထုံးလုပ်နည်းတွေထဲမှာ –

– ဆွေးနွေးမည့် ညီလာခံကိုယ်စားလှယ်များသည် ဦးတည်ချက်(၆)ချက် ဘောင်အတွင်းမှ မိမိတို့တင်ပြလိုသော ဆန္ဒသဘောထားများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြခွင့်ရှိသည်။ သို့သော် ယင်းသို့ဆွေးနွေးရာတွင် ဤလုပ်ထုံးလုပ်နည်းများတွင် ဖော်ပြထားသော တားမြစ်ချက်များကို ချိုးဖောက်ခြင်းမပြုရ။

– ညီလာခံ၌ ဆွေးနွေးပြီးပြတ်ပြီးဖြစ်သော ကိစ္စတစ်ရပ်ရပ်ကို ထပ်မံတင်ပြခြင်းမပြုရ။

– အမျိုးသားညီလာခံ အစည်းအဝေးများသည် ညီလာခံကိုယ်စားလှယ်အားလုံး၏ ၅၀ ရာခိုင်နှုန်းတက်ရောက်လျှင် အထမြောက်သည်။ စသဖြင့် တိတိလင်းလင်းဖော်ပြထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မယုံကြည်မှုကို အထက်ဖော်ပြပါအချက်အလက်များအရ ရှင်းရှင်းလင်းလင်း မယုံကြည်ခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့် ဗိုလ်သိန်းစိန်ရဲ့ ဇွန်လ ၅ ရက်နေ့ပြောကြားချက် 'ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများပြုလုပ်သွားကြရမှာဖြစ်ကြောင်း' ဆိုတာကို ကျွန်တော်တို့ ရှင်းရှင်းလင်းလင်းပဲ နားလည်ခဲ့ပါတယ်။

နောက်တစ်ခုက ကုန်လွန်ခဲ့တဲ့ နှစ် ၂၀ နီးပါးကာလအတွင်း (နဝတ–နအဖ)စစ်အစိုးရဟာ လှည့်စားမှု၊ ခြိမ်းခြောက်မှုနဲ့ အကြမ်းဖက်မှုကို တည်ရှိနေတဲ့ အချိန်ကာလကိုလိုက်ပြီး ကျင့်သုံးနေခဲ့တာပဲ မဟုတ်ပါလား။

(နဝတ–နအဖ)စစ်အစိုးရရဲ့ စိတ်ကောင်းစေတနာရှိမှုဆိုတာကို မျှော်လင့်နေတယ်ဆိုရင် အဲဒီလိုမျှော်လင့်နေသူဟာ ရိုးအမိုက်မဲသူသာဖြစ်ပါလိမ့်မယ်။

(နအဖ)ပြုလုပ်နေတဲ့ အမျိုးသားညီလာခံဆိုတာ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ပြည်ထောင်စုစစ်စစ်နိုင်ငံတည်ဆောက်ရေးကို ဦးတည်နေတာမဟုတ်ပါဘူး။ စစ်အာဏာရှင်စနစ် သားစဉ်မြေးဆက် အာဏာယူထားနိုင်ဖို့ ကြိုးပမ်းနေတာဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်နိုင်ဖို့လိုပါတယ်။

ဒီလိုမမြင်နိုင်ရင်တော့ ဟိုလိုလို ဒီလိုလိုနဲ့ စိတ်ကူးယဉ်ပြီး၊ (နအဖ)စစ်အစိုးရရဲ့ လှည့်ဖြားမှုကို ခံရပါလိမ့်မယ်။

(ကေအိုင်အို)တင်ပြချက်

တင်ပြချက်တစ်ခုလုံးကို ခြုံငုံသုံးသပ်ရရင် (နအဖ)စစ်အစိုးရရဲ့ လက်ရှိညောင်နှစ်ပင်ညီလာခံက ချမှတ်နေတဲ့၊ ချမှတ်ထားခဲ့တဲ့အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမည့်မူတွေကို လက်မခံနိုင်ဘူးဆိုတာ အထင်အရှားဖော်ပြလိုက်တာဖြစ်ပြီး၊ ဘယ်လိုအခြေခံမူတွေ လိုချင်တယ်ဆိုတာကို တပြိုင်နက် တင်ပြထားတာလည်းဖြစ်ပါတယ်။

(ကေအိုင်အို)က တင်ပြထားတဲ့ အချက် (၁၉)ကို လေ့လာကြည့်တဲ့အခါ အခြေခံအကျဆုံးအချက်တွေကို တင်ပြထားတာတွေ့ရပါတယ်။ ဒီအချက်တွေကို ကြည့်လိုက်ရင်ပဲ စစ်အစိုးရ အတင်းအဓမ္မချမှတ်ထားတဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေကို လက်မခံနိုင်ဘူးဆိုတာကို အထင်အရှား သိရှိနိုင်ပါတယ်။

ဒီလိုသဘောထားဟာ တိုင်းရင်းသားလူမျိုးစုတိုင်းရဲ့ ပင်ကိုယ်သဘောထားရပ်တည်ချက်နဲ့ တကယ့်လိုလားချက်ကို ထင်ဟပ်နေပါတယ်။ တိုင်းရင်းသားတိုင်းက တန်းတူရည်တူရှိတဲ့၊ ဒီမိုကရေစီရှိတဲ့ ပြည်ထောင်စုစစ်စစ်ကိုပဲ လိုလားတာဖြစ်ပါတယ်။

ဥပဒေဘောင်အတွင်းဝင်လာခဲ့ပြီ၊ ဘယ်အစိုးရလက်ထက်မှာမှမရရှိခဲ့တဲ့ ငြိမ်းချမ်းမှုတွေရရှိနေပြီလို့ အော်နေပေမယ့်၊ မည်သည့်အပစ်ရပ် တိုင်းရင်းသားအဖွဲ့အစည်းတိုင်း မိမိအဖွဲ့အစည်းကို စည်းရုံးခွင့်၊ တိုးချဲ့ခွင့်မရှိပါဘူး။ သက်ဆိုင်ရာ မိမိအမျိုးသားများရဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတွေကို လုပ်ဆောင်ခွင့်မရှိပါဘူး။

ညီလာခံမှာပင်၊ လူမျိုးရေးအရ၊ နိုင်ငံရေးအရ ကိုယ်စားပြုတက်ရောက်ခွင့်မရပါဘူး။ အခြားဖိတ်ကြားသင့်သူများဆိုတဲ့ ခေါင်းစဉ်အောက်မှာ တက်ရတာပါ။ ဒါဟာ လူမျိုးရေးအရ၊ နိုင်ငံရေးအရ အသိအမှတ်မပြုတာပဲဖြစ်ပါတယ်။ ညီလာခံမှာ (နအဖ)စစ်အစိုးရ စိတ်ကြိုက်ရွေးချယ်ထား တဲ့ တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့ရဲ့ အရေ အတွက်ဟာ ညီလာခံကိုယ်စားလှယ် စုစုပေါင်းရဲ့ ထက်ဝက်ကျော်ရှိပါတယ်။ (၆၃၃)ဦးဖြစ်ပါတယ်။

ညောင်နှစ်ပင်ညီလာခံမှာ တက်ရောက်နေတဲ့ ကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့အနက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ၊ အစုအဖွဲ့ (၃)ခုကလွဲရင် ကျန်ကိုယ်စားလှယ်အစုအဖွဲ့ (၅)ဖွဲ့ကို (နအဖ)စစ်အစိုးရက စိတ်ကြိုက်ခေါင်းခေါက်ရွေးထားတာတွေပဲဖြစ်ပါတယ်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာပင်လျှင်၊ အကြွင်းမဲ့လက်နက်ချထားတဲ့အဖွဲ့တွေ၊ (နအဖ)စစ်အစိုးရက ထည့်သွင်းထားတဲ့ အစိုးရဝန်ထမ်းဟောင်းတွေ ရောပြွမ်းပါဝင်နေတာပဲ မဟုတ်ပါလား။

(နအဖ)စစ်အစိုးရက အဲဒီလို အဖက်ဖက်က ချုပ်ကိုင်ချယ်လှယ်စီမံဖန်တီးထားတဲ့ 'ညောင်နှစ်ပင်ညီလာခံ' ကို 'အမျိုးသားညီလာခံ' လို့ အမည်တပ်ခေါ်လို့ မဖြစ်နိုင်ပါဘူး။ မရနိုင်ပါဘူး။ ဒါကြောင့် ညောင်နှစ်ပင်ညီလာခံကနေလည်း တိုင်းပြည်နဲ့ ပြည်သူအတွက် အကျိုးရှိမယ့် အခြေခံအချက်အလက်တွေကို မျှော်လင့်ဖို့လည်း မဖြစ်နိုင်ပါဘူး။

စစ်မှန်သော အမျိုးသားညီလာခံတစ်ရပ်ဖြစ်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ အင်အားစုအားလုံး ပါဝင်နိုင်ဖို့ လိုအပ်ပါတယ်။ တန်းတူမှုနဲ့ ဒီမိုကရေစီအခွင့်အရေးတွေ အပြည့်အဝရှိနေဖို့ လိုအပ်ပါတယ်။ ညီလာခံဦးတည်ချက်တွေ၊ အခြေခံမူတွေ၊ လုပ်ထုံးလုပ်နည်း၊ ညီလာခံကိုယ်စားလှယ်ရွေးချယ်မှု၊ အရေအတွက်သတ်မှတ်မှု စတဲ့အချက်တွေကို အင်အားစုအသီးသီး ပါဝင်တက်ရောက် ဆွေးနွေးညှိနှိုင်းချမှတ်နိုင်ဖို့ လိုအပ်ပါတယ်။

ညောင်နှစ်ပင်ညီလာခံမှာ အထက်ကတင်ပြချက်တွေ လုံးဝမရှိပါဘူး။ အားလုံးကို (နအဖ)စစ်အစိုးရ စိတ်ကြိုက်စီမံဖန်တီး ချယ်လှယ်ထားတာတွေသာဖြစ်ပါတယ်။ ဒီတော့ ညောင်နှစ်ပင်ညီလာခံရရှိချက်တွေကလည်း (နအဖ)စစ်အစိုးရ လိုလားချက်တွေသာ ချမှတ်လာမှာဖြစ်ပြီး၊ ပြည်သူလူထု လိုလားချက်တွေပါရှိလာမှာ မဟုတ်ဘူးဆိုတာ သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားနေဖို့မလိုတော့ပါဘူး။

တိုင်းပြည်နဲ့ လူထုအတွက် အကျိုးမရှိတဲ့ ညောင်နှစ်ပင်ညီလာခံ။ ဒီညောင်နှစ်ပင်ညီလာခံက ချမှတ်ထားတဲ့အခြေခံမူတွေနဲ့ ရေးဆွဲချပြလာမယ့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(မူကြမ်း)ကို အဆင့် (၄)ဖြစ်တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်မဲပေးနိုင်ဖို့ ပြည်သူလူထုကို လှုံ့ဆော်စည်းရုံးကြပါစို့။

'ရွေးကောက်ပွဲ' ကို မျှော်လင့်နေမယ့်လူတွေ ရှိနေဦးမယ်ဆိုတာကို ကျွန်တော်တို့ မေ့လို့မဖြစ်ဘူးနော်။

၁၉၉၀ ပြည့် ရွေးကောက်ပွဲကို စစ်အစိုးရက လုပ်ပေးခဲ့တာပါ။ အသိအမှတ်မပြုတာလည်း စစ်အစိုးရပဲဖြစ်တယ်ဆိုတာလည်း မမေ့ကြနဲ့ဦး။

လှဲမှားသော စိတ်ကူးယဉ်မှုတိုင်းကို စစ်အစိုးရက ဖန်တီးနေပြီး၊ စစ်အစိုးရက အဆုံးသတ်ပေးနေတာကိုလည်း သတိရှိကြပါ။

အစွဲမကြီးဖို့နဲ့ အညှာမလွယ်ဖို့ဆိုတဲ့ စကားနဲ့ နိဂုံးချုပ်ပါတယ်။

တူမောင်ညို

(၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၄)

# တောင်းနိုင်မယ်ထင်ရင် တောင်းကြည့်လိုက်ပါ

ငှက်နိုင်း

(၁)

ဘယ်တော့မဆို ...

ကျောင်းထဲကို ဝင်တိုင်း၊

တက္ကသိုလ်စာတိုက်ကို သွားတိုင်း၊

တက္ကသိုလ်ဆေးရုံဆီသွားဖို့ မဏ္ဍလေးဆောင်ရှေ့ဖြတ်တိုင်း၊

တကာသ မြက်ခင်းပြင်ဆီ ကျနော်မကြည့်ဖြစ်တာရယ်လို့မရှိဘူး။

တခါတခါ ခြောက်ခြောက်သွေ့သွေ့ ဖြစ်နေတတ်ပြီး၊ တခါတခါ စိုစိုစိမ်းစိမ်းဖြစ်နေတတ်တဲ့ မြက်ခင်းပြင်၊

ပြီးတော့ ... ဗိုလ်အောင်ကျော်ကျောက်တိုင်၊ ပြီးတော့ လစ်ဟာနေတဲ့ မြေကွက်လပ်၊ ပြီးတော့ ဝိတ်ရုံ ...

ဘယ်ခါကြည့်ကြည့် ရင်ထဲမှာဆို့တက်လာစမြဲ။

ဒီနေရာဟာ ကျနော်တို့ရဲ့ ဘူမိနက်သန်၊

ဒီနေရာဟာ ကျနော်တို့နောင်တော်တွေ သွေးနှင့်ရေးခဲ့တဲ့ သွေးသမိုင်းတို့ တည်ရာမြေ၊

တခါက ဒီနေရာမှာ သမိုင်းတန်ဖိုးတွေနှင့် ဂုဏ်ရောင်ပြောင်ခဲ့တဲ့ တကာသ အဆောက်အဦး ရှိခဲ့ဖူးတယ်။

တခါက ဒီနေရာမှာ ကျောင်းသားသွေးတွေ စွန်းပေနေတဲ့ အုတ်ကျိုးအုတ်ပဲ့ပုံကြီးနှင့် မြန်ရေရှုက်ရေမျက်နှာပေးနဲ့ ခပ်ရင့်ရင့်ရယ် ခပ်ရိုင်းရိုင်း ခါးထောက်ပြီး စိုက်ကြည့်နေတဲ့ စစ်အာဏာရှူး ဗိုလ်စိန်လွင်။

ကျနော့်ရင်ထဲမှာ အကြိမ်ကြိမ်တောက်ခေါက်ခဲ့ဖူးပြီး တပ်ပိုင်နက်တည်းမှာ ကျနော့်ရင်ထဲက အကြိမ်ကြိမ်တမ်းတခဲ့ဖူးတဲ့ နေ့သစ်တစ်နေ့ ...

(၂)

အဲဒီ တမနက်ကပေါ့ ...

ဩဂုတ်စ်လရဲ့ မိုးနှင်းတွေကြားမှာ ...

အဓိပတိလမ်းဟာ နက်မှောင်နေတယ်။

ခြသေ့်နှစ်ကောင်တံခါးဝကနေ ဘွဲ့နှင်းသဘင်ခန်းမဆီကို စက္ကန့်အချို့ကြာ ငေးပြီး ကြည့်လိုက်ရတဲ့ အဲဒီမနက်က အရသာ၊ ကျနော် ဘယ်လို မေ့နိုင်တော့မှာလဲ။

အဲဒီမနက်ခင်းလောက် ကျက်သရေရှိတဲ့ မနက်ခင်းမျိုး ကျနော့်တသက်မှာ မကြုံဖူးဘူး။

ဒီလိုမြင်ကွင်းမျိုး၊ ဒီလိုမနက်ခင်းမျိုး ကျနော်တို့တမ်းတခဲ့ကြတာ ဆယ်စုနှစ်တွေများခဲ့ပြီ။

ဒီလိုမြင်ကွင်းမျိုး ဒီလိုမနက်ခင်းမျိုးတွေ ရယူပိုင်ဆိုင်နိုင်ဖို့ ပေးဆပ်ခဲ့ကြ၊ ရင်နှီးခဲ့ရတဲ့ ဘဝတွေ၊ မျက်ရည်တွေ မရေတွက်နိုင်တော့ဘူး။

အဲဒီမနက်မှာ အဲဒီမြင်ကွင်း၊ ဘာနှင့်မှ နှိုင်းယှဉ်လို့မရအောင် ခမ်းနားလွန်းလှတဲ့ အဲဒီမြင်ကွင်း ကျနော်တို့ရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကိုပဲ ရောက်လာခဲ့ပါတယ်။

(၃)

"ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (တရားဝင်)
ဖြစ်မြောက်ရေးဗဟိုကော်မတီ၏ ပထမအကြိမ်ညီလာခံ
ရန်ကုန်တက္ကသိုလ်များ ကျောင်းသားသမဂ္ဂ"

ဆိုတဲ့နောက်ခံစာတမ်းကြီးကို ဝိတ်ရုံ (အားကစားရုံ)ရဲ့ နံရံပေါ်မှာ ခန့်ညားစွာ ချိတ်ဆွဲထားလိုက်ကြပြီ။

အဲဒီနောက်ခံပေါ်မှာနှင့် ဘေးဝဲယာမှာ နီမောင်းတဲ့ ခွပ်ဒေါင်းအလံတွေ၊

အလံတချို့က နံရံပေါ်မှာ ခန့်ညားစွာ၊

အလံတချို့က လေထဲမှာ တလူလူလွင့်လို့၊

စကားပြောစင်မြင့်ရဲ့ ဝဲဘက်မှာက သုံးရောင်ခြယ် ကဒေါင်းအလံတော်၊

ကျောင်းသားတွေဟာ တက္ကသိုလ်မြက်ခင်းပြင်ပေါ်မှာ အပြည့်အကြပ်နေရာယူထားကြပြီး အဓိပတိလမ်းပေါ်အထိ၊ မဏ္ဍလေးအဆောင်ဝန်းထဲအထိ၊ တက္ကသိုလ်ရိပ်သာလမ်းမပေါ်အထိ လျှံထွက်နေတော့တယ်။

စကားပြောစင်မြင့်ရဲ့ရှေ့ တက်ရောက်လာသူ အမျိုးမျိုးအနယ်နယ်က ကျောင်းသားကျောင်းသူတွေနှင့် မျက်နှာချင်းဆိုင်မှာတော့ တာဝန်ရှိသူကျောင်းသားများက နေရာယူထားကြပါတယ်။

*"ကျနော်တို့ ဒီအစည်းအဝေးပွဲအပြီးမှာပဲ*
*တခါတည်းရုံးခန်းဖွင့်ပြီးတော့ ကျနော်တို့ အတူလက်တွဲခဲ့ကြတဲ့ ရဲဘော်တွေ၊ အတူသွေးစည်းခဲ့ကြတဲ့ ညီအကိုတွေ၊ အတူတူ ဦးလည်မသုန် ထမ်းရွက်ခဲ့ကြတဲ့ သူငယ်ချင်းတွေအားလုံးကို လက်တွဲခေါ်ချင်လွန်းလို့ ဒီလိုလုပ်ကြရတာပါ။"*

ဗကသများအဖွဲ့ချုပ် ဥက္ကဌ(ယာယီ) ကိုမင်းကိုနိုင်ရဲ့ ညီလာခံရည်ရွယ်ချက်ကိုရှင်းပြခြင်းနှင့်စတင်ပြီး အခမ်းအနားကို ဖွင့်လှစ်လိုက်တယ်။

သူ့ရဲ့အဖွင့်မိန့်ခွန်းမှာ ကျောင်းသားထုရဲ့ ညီညွတ်ရေးဟာ အင်မတန်အရေးကြီးကြောင်း၊ ဗိုလ်စိန်လွင်ပြုတ်ကျသွားပြီဆိုပေမယ့် ဒီမိုကရေစီတိုက်ပွဲဟာ မပြီးဆုံးသေးကြောင်း၊ ညီညွတ်ရေးကို မတည်ဆောက်နိုင်ဘူးဆိုရင် ပြည်သူလူထုကြီးပါဝင်လာအောင် မစည်းရုံးနိုင်ဘူးဆိုရင် ပြည်သူလူထုက တိုက်ပွဲထဲမှာ မပါဝင်လာသေးဘူးဆိုရင် ဘယ်လိုမှ အောင်ပွဲကို အရယူနိုင်လိမ့်မယ် မဟုတ်ကြောင်း၊ ညီညွတ်ရေးအရေးကြီးပုံနှင့် ပြည်သူလူထုရဲ့ အခန်းကဏ္ဍကို ပြောဆိုလိုက်ချိန်မှာ ...

ရှည်လျားလှတဲ့ လက်ခုပ်သံတွေ ထွက်ပေါ်လာတော့တယ်။

(၄)

ဒုတိယအစီအစဉ်က ဦးလှရွှေ၊

၂၈၊ ၈၊ ၈၈ ရက်နေ့ အဲဒီအခမ်းအနားမှာ ဦးလှရွှေဟာ စစ်ပြီး ခေတ်နှင့် လွတ်လပ်ရေးခေတ် ကျောင်းသားသမဂ္ဂဝင်ဟောင်းများရဲ့ ကိုယ်စား ပြောကြားတာဖြစ်ပါတယ်။

သူဟာ ၁၉၆၀ – ၆၃ ဗကသများအဖွဲ့ချုပ်ရဲ့ အတွင်းရေးမှူး အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သလို ရန်ကုန်တက္ကသိုလ်ကျောင်းသား ညီညွတ် ရေးတပ်ဦးရဲ့ (၁၉၆၁ – ၆၂)အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။

ဦးလှရွှေဟာ အဲဒီကာလရဲ့ အရေးကြီးမှုကို အခုလို စတင် ထောက်ပြပါတယ် ...

*"အခုအချိန်ဟာ ကျနော်တို့ မြန်မာနိုင်ငံတော်ရဲ့ သမိုင်းမှာ အရေးအကြီးဆုံးအချိန်ကာလဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့သမိုင်းမှာ အရေးကြီးတဲ့ အလှည့်အပြောင်းတခုကို ဦးတည်နေတဲ့ အချိန်ကာလ ဖြစ်ပါတယ်။ အတန်းအစား အလွှာပေါင်းစုံပါဝင်တဲ့ အမျိုးသားတပ်ပေါင်းစုံ မိဘပြည်သူတွေနဲ့ တိုင်းပြည်အတွက် အမြဲတမ်းရှေ့တန်းမှာနေပြီး အရဲရင့်ဆုံး၊ အပြတ်သားဆုံး၊ အစွန့်လွှတ်ဆုံး၊ အနစ်နာအခံဆုံး၊ အစည်းလုံးဆုံး ကျောင်းသူ ကျောင်းသားတွေ တခဲနက်ပူးပေါင်း ညီညွတ်ကြပြီး မြန်မာနိုင်ငံအသစ်ကို ဖန်တီးနေကြတဲ့အချိန်ကာလဖြစ်တယ်"*

အဲဒီနောက်မှာ ဦးလှရွှေဟာ ဗကသ၊ တကသသမိုင်းကို သက္ကရာဇ်များအလိုက် အကျဉ်းချုံးတင်ပြပြီး ဒီကျောင်းသားတိုက်ပွဲ သမိုင်းစဉ်ကြီးအပေါ် အခုလို နိဂုံးချုပ်ပြပါတယ်။

*"ကျောင်းသားရဲဘော်များ ခင်ဗျား ...*

*လွတ်လပ်ရေးခေတ်ဦး ကျောင်းသားလှုပ်ရှားမှုသမိုင်းဟာ –*

*(၁) အင်္ဂလိပ်ကိုလိုနီခေတ် ကျောင်းသားတိုက်ပွဲများရဲ့ အဆက်ဖြစ်ပါတယ်။ ကိုလိုနီခေတ်ကျောင်းသားကြီးများ ခေါင်းဆောင် ဆင်နွှဲခဲ့ကြတဲ့ မပြီးဆုံး သေးတဲ့ တာဝန်များကို ဆက်လက်တိုက်ပွဲဆင်တဲ့ သမိုင်းဖြစ်ပါတယ်။*

*(၂) မြန်မာပြည်သူတွေရဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ လုံးဝအမျိုး သားလွတ်လပ်ရေး၊ အမျိုးသားလွတ်လပ်ရေးထိန်းသိမ်းရေးတိုက်ပွဲများရဲ့ အစိတ်အပိုင်း ဖြစ်ပါတယ်။*

*(၃) ကျောင်းသားတွေ ငြိမ်းချမ်းစွာပညာသင်ကြားနိုင်ဖို့ အတွက် မိဘပြည်သူများနဲ့အတူ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုက်ပွဲ ဝင်တဲ့သမိုင်းဖြစ်ပါ တယ်။*

*(၄) ကျောင်းသားအခွင့်အရေးကာကွယ်ရေးနဲ့ အထွေထွေ ဒီမိုကရေစီအခွင့်အရေးများအတွက် တိုက်ပွဲဆင်တဲ့သမိုင်းဖြစ်တယ်။*

*(၅) ကမောက်ကမပညာရေးစနစ်ကို ဖျက်သိမ်းပြီး အမျိုးသား ပညာရေးတည်ဆောက်ရေးအတွက် တိုက်ပွဲဝင်တဲ့သမိုင်းဖြစ်တယ်။"*

တဆက်တည်းမှာ မဆလပါတီနှင့် အဲဒီကာလ ဒေါက်တာ မောင်မောင်အစိုးရကို ချက်ချင်းဆောင်ရွက်ပေးရန် အချက် (၃)ခုကို ပြတ်ပြတ်သားသား တောင်းဆိုလိုက်တယ်။

*"(၁) ပြည်သူနဲ့ ကျောင်းသားတွေအတွက် အထွေထွေ ဒီမိုကရေစီ အခွင့်အရေးများ အပြည့်အဝရဖို့။*

*(၂) မဆလတစ်ပါတီ အာဏာရှင်စနစ်ကို ချက်ချင်းဖျက်သိမ်း၊ ယာယီအစိုးရချက်ချင်းဖွဲ့စည်းပေးဖို့။*

*(၃) ပါတီစုံဒီမိုကရေစီအစိုးရတရပ် အမြန်ပေါ်ပေါက်ဖို့အတွက် အခြေအနေများဖန်တီးပေးဖို့။"*

ဒါဟာ မဆလတစ်ပါတီအာဏာရှင်တွေကို တောင်းဆိုထားတာ ဖြစ်ပြီး ကျောင်းသားတွေနှင့် လူထုတွေက လက်တွေ့ကျကျ လုပ်ဆောင် သွားဖို့လိုအပ်တဲ့ တကယ့်လိုအပ်ချက်တွေကိုလည်း အခုလိုဆက်ပြီး ထောက်ပြသွားပါတယ်။

*"– ဦးစွာအားဖြင့် ကျောင်းသားထုတရပ်လုံးကိုကိုယ်စားပြုမယ့် ကျောင်းသားသမဂ္ဂများခေါင်းဆောင်တဲ့ သပိတ်ကော်မတီတရပ် ပေါ် ပေါက်လာစေဖို့။*

*– ဒုတိယအားဖြင့် ကျောင်းသားများအပါအဝင် အတန်းအစား အလွှာပေါင်းစုံပါဝင်တဲ့၊ ကိုယ်စားပြုတဲ့ အထွေထွေသပိတ်ကော်မတီတရပ် ဖွဲ့စည်းဖို့။*

*– တတိယအားဖြင့် အခြေအနေအကြောင်းအချက်များ ပြည့်စုံ လုံလောက်တဲ့အခါမှာ စည်းလုံးညီညွတ်တဲ့ တခုတည်းသော ကျောင်း သားသမဂ္ဂကြီး ဖွဲ့စည်းနိုင်ဖို့ အထူးလိုအပ်ကြောင်း အကြံပြုပါရစေ။"*

(၅)

နောက်အစီအစဉ်မှာ စာပေအနုပညာရှင်များသမဂ္ဂက ဆရာ မောင်သော်က ပြောတယ်၊

မြန်မာနိုင်ငံရှေ့နေများကောင်စီက ဆရာဦးကိုယုပြောတယ်၊

၁၉၇၅ ခုနှစ် ကျောင်းသားလှုပ်ရှားမှုရဲ့ကိုယ်စား ဦးအောင်သန်းတင် ပြောတယ်၊

ရုပ်ရှင်အနုပညာရှင်များကိုယ်စား မင်းသားကြီး ဦးအောင်လွင် ပြောတယ်၊

ဦးသန့်လှုပ်ရှားမှုကျောင်းသားခေါင်းဆောင် ကိုအေးကျော်ပြော တယ်၊

အဲဒီနောက်မှာတော့ ကျောင်းသားထုရဲ့ ဆန္ဒနှင့်အညီ ဗကသ များအဖွဲ့ချုပ်ရဲ့ အမှုဆောင်များကို ရွေးချယ်ပြီး တာဝန်တွေ အပ်နှင်းပေး နိုင်ခဲ့ကြတယ်။

ဗကသများအဖွဲ့ချုပ်ရဲ့ ဥက္ကဌအဖြစ် ကိုမင်းကိုနိုင်

ဒုတိယဥက္ကဌအဖြစ် ကိုကိုကြီး

အထွေထွေအတွင်းရေးမှူးအဖြစ် ကိုမိုးသီးဇွန်

တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)အဖြစ် ကိုဌေးကြွယ်

တွဲဖက်အထွေထွေအတွင်းရေးမှူး (၂)အဖြစ် ကိုအောင်နိုင်တို့ကို တညီတညွတ်တည်း ရွေးချယ်ပေးခဲ့ကြပါတယ်။

(၇)

အခမ်းအနား တဝက်ကျော်လောက်ကစပြီး မိုးက စသဲလာတယ်။

ဒါပေမယ့် ...

ဘယ်သူမှ မလှုပ်ကြဘူး

မိုးသဲထဲမှာ သူတို့အစီအစဉ်ကို ဆက်ပြီးပြုလုပ်သွားကြတယ်။

မိုးကိုမဆိုထားနှင့် အဲဒီအချိန်မှာ စစ်အုပ်စုကလာပြီး ပစ်လား ခတ်လားလုပ်လာရင်တောင် သူတို့အစီအစဉ်ကိုဆက်ပြီး မပြီးမချင်း လုပ်

**"အခုအချိန်ဟာ ကျနော်တို့ မြန်မာနိုင်ငံတော်ရဲ့ သမိုင်းမှာ အရေးအကြီးဆုံးအချိန်ကာလဖြစ်ပါတယ်။**
**မြန်မာနိုင်ငံရဲ့သမိုင်းမှာ အရေးကြီးတဲ့ အလှည့်အပြောင်းတခုကို ဦးတည်နေတဲ့ အချိန်ကာလ ဖြစ်ပါတယ်။**
**အတန်းအစား အလွှာပေါင်းစုံပါဝင်တဲ့ အမျိုးသားတပ်ပေါင်းစုံ မိဘပြည်သူတွေနဲ့ တိုင်းပြည်အတွက် အမြဲတမ်းရှေ့တန်းမှာနေပြီး**
**အရဲရင့်ဆုံး၊ အပြတ်သားဆုံး၊ အစွန့်လွှတ်ဆုံး၊ အနစ်နာအခံဆုံး၊ အစည်းလုံးဆုံး ကျောင်းသူကျောင်းသားတွေ**
**တခဲနက်ပူးပေါင်းညီညွတ်ကြပြီး**
**မြန်မာနိုင်ငံအသစ်ကို ဖန်တီးနေကြတဲ့အချိန်ကာလဖြစ်တယ်"**

သွားကြလိမ့်မယ်လို့ ကျနော် ခန့်မှန်းကြည့်မိတယ်။

(၇)

ဖွဲ့စည်းပြီးတယ်ဆိုရင်ပဲ ...

ထောင်သောင်းချီတဲ့ ကျောင်းသားတွေဟာ အဓိပတိလမ်းတလျှောက် ချီတက်ခဲ့ကြတယ်။

ခွပ်ဒေါင်းအလံတွေကို လွှင့်တင်ရင်း

သုံးရောင်ခြယ် ကဒေါင်းအလံကြီးကို ဖြန့်လျှက်ကျောင်းသားရှစ်ယောက်က ကိုင်ဆောင်ရင်း လူထုရှိရာ ချီတက်ခဲ့ကြတယ်။ လှည်းတန်းလမ်းဆုံ၊ ပြီးတော့ ပြည်လမ်းတလျှောက် ...

အဲဒီကမှ ... လူထုရှိရာ မြန်မာနိုင်ငံ တနံတလျားက နေရာအနှံ့ဆီ ...

လူထုနှင့်အတူ လက်တွဲပြီး လူထုလူတန်းစားအလွှာစုံနှင့် တပ်မတော်သားတချို့ပါ ပါဝင်တဲ့ ရှစ်လေးလုံးအရေးတော်ပုံကြီးကို ဦးဆောင်လှုပ်ရှားခဲ့ကြတယ်။

တပြည်လုံးမှာ၊ နေရာအနှံ့မှာ ...

ဒီမိုကရေစီ ရရှိရေး

တစ်ပါတီစနစ် ဖျက်သိမ်းရေး၊ ပါတီစုံစနစ် ရရှိရေး

ကြားဖြတ်အစိုးရဖွဲ့စည်းရေး ကြွေးကြော်သံတွေ ကမ္ဘာတုန်အောင် ကြွေးကြော်ခဲ့ကြတယ်။

ဂျီသရီးသံ ဂျီဖိုးသံတွေ ဆွံ့အသွားလောက်အောင် ကျနော်တို့ လူထုတွေ အောင်ပွဲခံနိုင်ခဲ့ကြတယ်။

အဲဒီမနက်နဲ့ အဲဒီမနက်ရဲ့ နောက်မနက်တွေ ...

အားလုံး မှတ်မိကြမှာပါ။ သမိုင်းခေတ်နှင့်ပြောရင် ဘာဝေးသေးလို့လဲ။

(၈)

အဲဒီတုန်းက အငွေ့အသက်တွေ အခုပြန်ရနေတယ်လို့ ကျနော် ပြောရင် "ဒါတော့ ဇွတ်ပြောတာပဲ"လို့ ကျနော့်ကို တချို့က စောဒကတက်ချင်ကောင်း တက်ချင်ကြမလားပဲ။

ကျနော်ကတော့ အဲဒီ ရနံ့တွေတကယ်ရတယ်။ တကယ့်ကို ရနေတယ်။

ဘာဖြစ်လို့လဲဆိုတော့... အဲဒီတုန်းက ဘဝင်ထိညံ့သွားအောင် ကြွေးကြော်တောင်းဆို တိုက်ပွဲဝင်ခဲ့တဲ့ သူတွေ၊

ဆာလောင်မှုတွေနှင့် မွန်းကြပ်နေတဲ့ သူတွေဟာ အခု ကျနော်တို့ ရှေ့မှာရှိနေကြတဲ့ ဟောဒီ လူမျိုးစုံပြည်သူတွေပဲလေ။

အနာဂတ်မဲ့မှုတွေနဲ့ အရာရာမသေချာမရေရာဖြစ်နေကြရတဲ့ ကျနော်တို့ရဲ့ ဟောဒီ ပြည်သူတွေပါပဲ။

အခြေအနေတွေဟာ ဘာဆို ဘာမှ မပြောင်းလဲသေးဘူး။

မပြောင်းလဲရုံသာမက ပိုပြီးဝတ်လာတယ်၊ပိုပြီး မွန်းကြပ်လာတယ်၊ ပိုပြီး မရေရာ မသေချာ ဖြစ်လာတယ်။

ဒီပြည်သူတွေရှိနေသမျှ

ဒီမွန်းကြပ်မှုတွေ၊ ဒီအနာဂတ်မဲ့မှုတွေနှင့် ဒီငတ်မွတ်ဆာလောင်မှုတွေ ရှိနေသေးသမျှ

ဒီဖိနှိပ်မှုတွေ၊ ဒီရက်စက်မှုတွေ ရှိနေသမျှ

ဒီတိုက်ပွဲ အငွေ့အသက်တွေကို ဘယ်သူတားထား၊ ဆီးထားလို့ရနိုင်မှာလဲ။

ဒီတိုက်ပွဲအရှိန်အဟုန်မျိုးတွေကို ဘယ်သူ တားထား ဆီးထားလို့ရနိုင်မှာတဲ့လဲ။

တားနိုင်မယ်လို့ထင်ရင် တားကြည့်လိုက်ပါ၊ လူတချို့အတွက် လွတ်လပ်စွာ ရှူးသွပ်ခွင့် ရှိကောင်း ရှိနိုင်ပါလိမ့်မယ်။ ။

**ငွေနိုင်း**

၁၃၊ ၇၊ ၂၀၀၇။

XXXXXXX

**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက်(၄)ရပ်–**

**(၁) မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်သော နိုင်ငံရေးအင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်၊**

**(၂) ဒီမိုကရေစီတိုက်ပွဲဝင်အင်အားစုများအတွင်း မဟာဗျူဟာညှိနှိုင်းဆက်စပ်လုပ် ဆောင်မှုများ ဆောင်ရွက်သွားရန်၊**

**(၃) လူထုတိုက်ပွဲများ ပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်၊**

**(၄) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဟန်ချက်ညီစုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး၌ ထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရေးအတွက် ကြိုးပမ်းသွားရန်၊**

# တလတွင်း သတင်းမှတ်စု

## မြန်မာ

- နှစ်ရှည်ထောင်ချခံထားရသည့် သတင်းစာဆရာကြီး ဦးဝင်းတင်ကို မကြာမီရက်ပိုင်းတွင် ထောင်အာဏာပိုင်(၂)ဦးက ထောင်မှလွတ်လျှင် နိုင်ငံရေးဆက်လုပ်မှာလားဆိုသည့် မေးခွန်းများကို မကြာခဏလာရောက်မေးမြန်းခဲ့သည်။ (RFA 010707)
- အမျိုးသားညီလာခံကို အယုံကြည်မရှိသည့်အတွက် ၎င်းတို့အဖွဲ့ တောပြန်ခိုခြင်းဖြစ်သည်ဟု ရလလဖ အတွင်းရေးမှူး ဗိုလ်မှူးကြီးသူရိန်က နယ်စပ်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ (DVB/ NEJ 020707)
- ရန်ကုန်ကလေးဆေးရုံတွင် သွေးလွန်တုတ်ကွေးရောဂါကြောင့် နေ့စဉ်ကလေး(၅)ဦးခန့် သေဆုံးနေပြီး ရောဂါဖြစ်ပွါးနေသူ နေ့စဉ် ရာနှင့်ချီ တိုးပွါးလာနေသည်။ (DVB 020707)
- ရေနံချောင်းမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မြေ၏ လွှတ်တော်ကိုယ်စားလှယ်  သခင်ခင်ညွန့်(၉၄)နှစ်သည် ယမန်နေ့ည (၇)နာရီ (၂၅)မိနစ်တွင် ရန်ကုန်မြို့ ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားသည်။ (Irrawaddy 020707)
- အမျိုးသားညီလာခံပြီး၍ ဆန္ဒခံယူပွဲပြုလုပ်သည့်အခါ ပြည်သူများအနေဖြင့် ဉာဏ်အမျှော်အမြင်ရှိစွာ မဲပေးရန်လိုအပ်ကြောင်း အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ယနေ့ တိုက်တွန်းလိုက်သည်။ (DVB 030707)
- မဖြူဖြူသင်းကို အာဏာပိုင်များက ယမန်နေ့ ည(၉)နာရီခန့်တွင် ပြန်လွှတ်ပေးလိုက်သည်ဟု သိရသည်။ (DVB 030707)
- မြို့တော်ခန်းမရှေ့တွင် တကိုယ်တော် ဆန္ဒပြမှုဖြင့် ဖမ်းဆီးခံထားရသည့် ကိုထွန်းလင်းကျော်သည် သွေးအန်ရောဂါကြောင့် အင်းစိန်ပြည်သူ့ဆေးရုံတွင် တင်ထားရသည်။ (DVB 030707)
- ကလလတ၏ နယ်စပ်ဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ကရင်နီရွာသား(၄၀၀)ကျော်သည် ထိုင်းရှိ ကရင်နီဒုက္ခသည်စခန်းများသို့ ဝင်ရောက်ရန် ထိုင်းနိုင်ငံ(မြောက်ပိုင်း) နမ်းပိုင်းနယ်စပ်ဂိတ်အနီး ဒေသတွင် စောင့်ဆိုင်းလျှက်ရှိသည်။ (NEJ 030707)
- လေဆင်နှာမောင်းဒဏ်ကြောင့် ရာနှင့်ချီသော ဒုက္ခသည်များအပေါ် လေဘေးကော်မီတီ၏ ကူညီစောင့်ရှောက်မှုညံ့ဖျင်းကြောင်း လေဘေးဒဏ်ခံခဲ့ရသူတစ်ဦးက ပြောသည်။ (Irrawaddy 030707)
- အမျိုးသားညီလာခံမှ ထွက်ပေါ်လာမည့် အခြေခံဥပဒေသည် မည်မျှ အာမခံချက် ရှိမည်ကို သံသယရှိနေကြကြောင်း အပစ်ရပ်အဖွဲ့များက ဆိုသည်။ (Irrawaddy 030707)
- ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကို ABSDFနှင့် DAB စသည့် အကြမ်းဖက်အဖွဲ့များက ဖေါက်ခွဲဖျက်ဆီးရန် ကြံစည်နေကြောင်း နအဖက ယနေ့ပြောသည်။ (DVB 040707)
- စစ်အစိုးရသည် တွေ့ဆုံဆွေးနွေးရေးအတွက် တောင်းဆိုနေသူများအားလုံးနှင့် နိုင်ငံရေးအင်အားစုများအားလုံးကို ရန်သူအဖြစ် စွပ်စွဲပုတ်ခတ်နေပြီး ၎င်းတို့ကိုယ်တိုင် တွေ့ဆုံဆွေးနွေးရေးကို မလိုလားကြောင်း ပြသနေသည်ဟု ABSDF ဥက္ကဋ္ဌ ရဲဘော်သံခဲက ပြောသည်။ (NEJ/ DVB 040707)
- “ICRC ၏ စွပ်စွဲပြောဆိုချက်သည် မိမိတို့ကိုစော်ကားလိုက်ခြင်းဖြစ်သောကြောင့် အနာဂတ်ဆက်ဆံရေးတွင် နှစ်ဦးနှစ်ဘက်အကြား ယုံကြည်မှုကို ဆုတ်ယုတ်စေသည်”ဟု ICRC အပေါ် စစ်အစိုးရက ယနေ့ တုန့်ပြန်သည်။ (Irrawaddy 040707)
- အာဇာနည်နေ့၌ ချီတက်အလေးပြုရန်နှင့် ကျောင်းသားထုအတွင်း ဆူပူအုံကြွမှုဖြစ်စေရန် တက္ကသိုလ်ကျောင်းသားများကို သွေးထိုး မြှောက်ပင့်ပေးနေကြောင်း စွပ်စွဲချက်များကို ၈၈မျိုးဆက်ကျောင်းသား ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုဂျင်မီက ငြင်းဆိုလိုက်ပြီး ဆူပူ အုံကြွမှုများကို အားပေးခြင်းမပြုပါဟု ပြောကြားသည်။ (NEJ 050707)
- ကရင်အမျိုးသားတပ်မတော်သားအားလုံး လူထုထောက်ခံမှုရရှိရန်လိုပြီး လူထုဆန့်ကျင်ရေးလုပ်ရပ်များကို ရှောင်ရှားရမည်ဟု (၅၈)နှစ်မြောက် ကရင်အမျိုးသားတပ်မတော်နေ့တွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မူးတူးစေးဖိုးက ပြောကြားသည်။ (NEJ 050707)
- အမျိုးသမီးများရင်ဆိုင်နေရသည့် အခက်အခဲများအား ကူညီဖြေရှင်းပေးရန်အတွက် အမျိုးသမီးကဏ္ဍအဖြစ် ဖွင့်လှစ်လုပ်ရှားသွားမည်ဟု ၈၈ မျိုးဆက် ကျောင်းသားများက ပြောသည်။ (NEJ 090707)
- နအဖမှ ထုတ်ပြန်ထားသည့် အမိန့်(၅/၉၆)နှင့် အမျိုးသားညီလာခံတွင် ချမှတ်ထားသည့် ဦးတည်ချက်(၆)ရပ်၊ အခြေခံမူ (၁၀၄)ချက်နှင့် ပတ်သက်၍ ပြင်ဆင်ဆွေးနွေးညှိနှိုင်းမှုမရှိပါက ညီလာခံတက်ရောက်ရန်မရှိကြောင်း ရှမ်းအမျိုးသားများ ဒီမိုကရေစီ အဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် စိုင်းလိတ်က ပြောသည်။ (DVB 090707)
- ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချစ်မောင်နှင့် အင်အား(၈၀)ခန့်သည် နအဖ၏ ဖိအားပေးမှုကြောင့် ယမန်နေ့က လက်နက်ချလိုက်သည်။ (DVB 090707)
- ဒေါ်အောင်ဆန်းစုကြည်အား တွေ့ခွင့်ပေးရန်နှင့် ဩဂုတ်လ (၃)ရက်နေ့ နောက်ဆုံးထား အကြောင်းပြန်ကြားပေးရန်  အာဏာပိုင်များထံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယနေ့ ထပ်မံတောင်းဆိုလိုက်သည်။ (DVB 130707)
- “ယခင်သဘောတူညီချက်များကို ပြင်ဆင်မှုမပြုလုပ်ရန်” ယနေ့ အမျိုးသားညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သတိပေးပြောကြားလိုက်ကြောင်း AP သတင်းဌာနတွင်  ဖေါ်ပြထားသည်။ (Irrawaddy 180707)
- စစ်အစိုးရသည် အမျိုးသားညီလာခံကို (၂)လခန့်ကာလဖြင့် အဆုံးသတ်ရန် ညောင်နှစ်ပင်စခန်းတွင် ယနေ့ကိုယ်စားလှယ် (၁၀၀၀) ကျော်ဖြင့်  ပြန်လည်ကျင်းပခဲ့ကြောင်း သိရသည်။ (NEJ/ DVB 180707)

■ ■ ■ ■

# နိုင်ငံတကာသတင်း

- မြန်မာ့အရေးကို အာဆီယံအနေဖြင့် မေ့မထားသလို (၁၅)နှစ်ကြာကျင်းပခဲ့ပြီး ယခုနောက်ဆုံးအကြိမ်အဖြစ် ကျင်းပရန် စီစဉ်ထား သည့် အမျိုးသားညီလာခံမှ ရွေးကောက်ပွဲသို့ဦးတည်နိုင်လိမ့်မည်ဟု မျှော်လင့်နေကြောင်း မလေးရှား နိုင်ငံခြားရေး ဝန်ကြီး က ပြောဆိုလိုက်သည်။ (RFA 010707)
- သစ်တောပြန်လည်ထူထောင်ရေးနှင့် လူသားစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် ဂျပန်ယန်းငွေ (၄၆၈)သန်း ထောက်ပံ့ပေးမည့်အကြောင်း ရန်ကုန်ရှိ ဂျပန်သံရုံးကို ကိုးကားပြီး ကျိုဒိုသတင်းတွင် ရေးသားထားသည်။ (DVB 020707)
- ထိုင်းနိုင်ငံ အလုပ်သမားဆိုင်ရာ အုပ်ချုပ်ရေးဌာနများက နိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများ အခက်အခဲဆိုင်ရာ မဟာဗျူဟာ (၇)ချက်အား ပြန်လည်သုံးသပ်သည့် ဆွေးနွေးပွဲတစ်ခုအား ယနေ့ပြုလုပ်သည်။ (NEJ 050707)
- ကာလကတ္တားထောင်တွင် အကျဉ်းကျနေသည့် ရခိုင်နှင့်ကရင်လက်နက်ကိုင်များကို ဖမ်းဆီးရာတွင် ပါဝင်သော အိန္ဒိယကြည်းတပ် အရာရှိတစ်ဦးကို ယမန်နေ့က ပထမဦးဆုံးအကြိမ် ကာလကတ္တားတရားရုံးတွင် တံခါးပိတ်စစ်ဆေးခဲ့သည်။ (DVB 050707)
- တရုတ်မြန်မာနယ်စပ်တစ်လျှောက်တွင် အခြေပြုထားပြီး စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို တရုတ်အာဏာပိုင်များက ခေါ်ယူတွေ့ဆုံခဲ့သည်။ (NEJ 060707)
- မြန်မာနိုင်ငံ ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းရေးအတွက် အပြုသဘောဆောင်သည့် ပြောင်းလဲမှုများဖြစ်ပေါ်လာရန် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး မစ္စတာ Ibrahim Gambariသည် တရုတ်၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံ အစိုးရတို့မှ ထိပ်တန်းတာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးနေသည်။ (NEJ/ DVB 100707)
- လျှပ်စစ်ဓါတ်အားဝယ်ယူရန်အတွက် ဘင်္ဂလားဒေ့ရှ် စွမ်းအင်ဝန်ကြီး ဒေါက်တာ အန်ဖွာစောကဘီးခမ်း ဦးဆောင်သည့်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည်။ (VOA 100707)
- ရေဘေးဒုက္ခသည်များအတွက် ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)က စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် ရေသန့်ဖေါက်ဆေးပြားများစတင် ဖြန့်ဝေနေပြီဟု ရန်ကုန်အခြေစိုက် ကုလသမဂ္ဂသတင်းပြန်ကြားရေးရုံးက ယမန်နေ့က ထုတ်ပြန်သည်။ (DVB 110707)
- နှစ်နိုင်ငံပူးပေါင်းပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ကုန်သွယ်ရေး၊ စက်မှုလက်မှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးမြှင့် ဆောင်ရွက်ရေး ဆွေးနွေးပြီးနောက် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရိုဟိတာဘိုဂိုလာမာသည် ယနေ့ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွါသည်။ (DVB 120707)
- စစ်အစိုးရသည် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုပဲ အစဉ်တစိုက်ကျင့်သုံးပြီး ထိုင်ဝမ်အနေဖြင့် ကုလသမဂ္ဂ ဝင်ခွင့်ရရေး ကြိုးပမ်းမှုကို ဆန့်ကျင်ကြောင်း ယနေ့ထုတ် စစ်အစိုးရသတင်းစာ မျက်နှာဖုံးတွင် ဖေါ်ပြထားသည်။ (VOA 120707)
- အိန္ဒိယက စစ်အစိုးရကို အပေ့ါစားစစ်ရဟတ်ယာဉ်များ လွှဲပြောင်းရောင်းချခြင်းသည် EU ၏ မြန်မာနိုင်ငံအပေါ် လက်နက်ပိတ်ဆို့ ဒဏ်ခတ်မှုကို ချိုးဖေါက်ရာ ရောက်သဖြင့် ပိုမိုတင်းကျပ်သည့် ပိတ်ဆို့မှုပြုလုပ်ရန် နိုင်ငံတကာရှိ လူ့အခွင့်အရေးလှုပ်ရှားသည့် အဖွဲ့ (၁၆)ဖွဲ့က ယနေ့ တောင်းဆိုလိုက်သည်။ (NEJ/ Irrawaddy 160707)
- "ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသည် မြန်မာနိုင်ငံအတွက် ပြဿနာကြီးတစ်ခုဖြစ်နေပြီး နိုင်ငံ၏ဒုက္ခသုက္ခများကို ဖြေရှင်းနိုင်မည်မဟုတ်"ဟု ယှဉ်ပြိုင်အာဆီယံအဖွဲ့က ကြေညာချက်ထုတ်ပြန်သည်။ (DVB 170707)
- မြန်မာနိုင်ငံ၏ နျူးကလီးယားဓါတ်ပေါင်းဖို အစီအစဉ်အတွက် နိုင်ငံတကာ အနုမြူစွမ်းအင် အေဂျင်စီနှင့် စီစဉ်ဆောင်ရွက်နေခြင်း လုံးဝမရှိသည့် အကြောင်း IAEA က ယနေ့ ထုတ်ဖေါ်ပြောဆိုလိုက်သည်။ (DVB 180707)
- ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် နိုင်ငံရေးအင်အားစုအားလုံးပါဝင်နိုင်သည့် လုပ်ငန်းစဉ်ကို မြှင့်တင်ရန် စစ်အစိုးရကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကြေညာချက်ထုတ်ပြန် တိုက်တွန်းလိုက်သည်။ (NEJ/ DVB 190707)
- မစ္စတာ Ibrahim Gambariသည် မြန်မာ့အရေးဆွေးနွေးရန် ယမန်နေ့က ရုရှနိုင်ငံသို့ ရောက်ရှိနေပြီး အခြားဥရောပနိုင်ငံများသို့လည်း ခရီးလှည့်လည်မည်ဟု ကုလသမဂ္ဂမှ သတင်းထုတ်ပြန်သည်။ (NEJ/ Irrawaddy 240707)
- အမေရိကန်သို့ သွားရောက်ခွင့်ရရေးအတွက် ထိုင်း–မြန်မာနယ်စပ်ရှိ မယ်လဒုက္ခသည်စခန်းတွင် ခွင့်ပြုချက်မရဘဲ ဝင်ရောက်နေထိုင်သူများကို ထိုင်းစစ်တပ်နှင့် သက်ဆိုင်ရာအာဏာပိုင်များက ယနေ့နံနက် လိုက်လံစစ်ဆေးဖမ်းဆီးလျှက်ရှိကြောင်း သိရသည်။ (NEJ/ Irrawaddy 240707)
- မလေးရှားနိုင်ငံ အတီမာလေ့ဂျ်မြို့အနီး အဝေးပြေးလမ်းမတွင် ဖြစ်ပွါးခဲ့သည့် ယာဉ်တိုက်မှုတစ်ခု၌ မြန်မာနိုင်ငံသား (၉)ဦး အပါအဝင် လူ(၁၁)ဦးသေဆုံးသွားသည်။ (NEJ 240707)
- နိုင်ငံရေးလှုပ်ရှားမှုများကို ဖိနှိပ်နေပြီး စစ်အစိုးရအုပ်ချုပ်သော မြန်မာနိုင်ငံအပေါ် စီးပွါးရေးပိတ်ဆို့မှု တစ်နှစ်ထပ်တိုးရန် အမေရိကန် ဥပဒေပြုလွှတ်တော်က ယမန်နေ့က မဲခွဲ၍ သဘောတူဆုံးဖြတ်ခဲ့သည်။ (AP/ NEJ/ Irrawaddy 240707)
- မြန်မာစစ်အစိုးရနှင့် ILO အဖွဲ့အကြား သဘောတူ ညီမှုများ ရှိသော်လည်း အဓမ္မခိုင်းစေမှုများ ဆက်လက်ရှိနေဆဲ၊ တိုင်ကြားစာများ ရနေဆဲ ဖြစ်သည်ဟု ILO ရန်ကုန်ရုံးခွဲ တာဝန်ခံအသစ် Steven Marshall က ပြောသည်။ (DVB 260707)
- အာဆီယံအဖွဲ့ကြီး၏ ပဋိညာဉ်စာချုပ်တွင် အာဆီယံလူ့အခွင့်အရေးကော်မရှင်ထူထောင်ရန်အဆိုကို စစ်အစိုးရက ကန့်ကွက်နေသည်ဟု အမည်မဖေါ်လိုသည့် အာဆီယံ သံတမန်အချို့က ပြောကြောင်း AP သတင်းတွင် ဖေါ်ပြထားသည်။ (DVB 270707)

(NDD) **သုတေသနနှင့် မှတ်တမ်းတင်ဌာန၏ တလအတွင်းမြန်မာ့သတင်း – ၂၀၀၇ ခုနှစ်၊ ဇူလိုင်လမှ ထုတ်နှုတ်ဖော်ပြသည်။**

■ ■ ■ ■